
မင်းမြတ်သူရ
ဆားပုလင်းမင်းအောင်နှင့်
လွှမ်းငွေတာဝေဝေ

# ဆားပုလင်းမင်းအောင်နှင့် လွမ်းငွေ့တဝေဝေ

## မင်းမြတ်သူရ

## အပိုင်း (၁)

တစ်နေ့သ၌ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် စုံထောက်မင်းကြီး၏ ဆုပူကြိမ်းမောင်းမှုကို ခံယူပြီးနောက် ဆားပုလင်းမင်းအောင် နေထိုင်ရာ အမှတ်(၇)၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့သို့ ထွက်ခဲ့လေ၏။ ကိုမင်းအောင်၏နေအိမ်သို့ ရောက်သောအခါ အိမ်ဝင်ပေါက်ကို ကျောပေး၍ စိတ်အေးချမ်းသာစွာ တယောထိုးနေသော ဆားပုလင်း မင်းအောင်ကို တွေ့ရလေ၏။

ဆားပုလင်းမင်းအောင်၏ တယောလက်သံသည် လွန်စွာမှပင် နားထောင်ကောင်းရကား ကျွန်ုပ်နှင့် စုံထောက် ဦးပေါ်ဦးကြီးသည် တစ်ခဏမျှ မှင်တက်မိသလို ဖြစ်သွားလေ၏။ ကိုမင်းအောင်သည် လွန်စွာ ကျော်ကြားသော အနောက်တိုင်း တေးသွားတစ်ပုဒ်ကို မျက်လုံးမှိတ်၍ ထိုးနေခြင်း ဖြစ်၏။

တေးသွားဆုံးသောအခါ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးက လက်ခုပ်လက်ဝါးတီး၍ အားပေးလိုက်ကြပြီး ဦးပေါ်ဦးကြီးက....

"ကိုမင်းအောင်တို့များ စိတ်အေးလက်အေးနဲ့ တယောထိုးပြီး နေနိုင်တယ်နော်၊ ဘာပူပင်သောကမှ မရှိဘူး၊ ကျုပ်တို့နဲ့တော့ ကွာပါ့ဗျာ၊ ရောမမြို့ကြီးမီးလောင်နေစဉ်မှာ တယောထိုးမပျက်တဲ့ နီရိုးဘုရင်ကြီးလိုပဲ..."

ဟု ချီးမွမ်းလိုက်လေ၏ ။

ဆားပုလင်းမင်းအောင်က တယောကို နံရံတွင်ချိတ်လိုက်ပြီး ကျွန်ုပ်တို့ဘက်သို့ လှည့်ကာ

"ပူပင်သောကဆိုတာ တတ်နိုင်သလောက် မေ့ထားနိုင်ရင် အကောင်းဆုံးပဲဗျ၊ ပူပင်သောက ဖြစ်တတ်တဲ့စိတ်ဟာ အလေ့အကျင့်ကနေ အထုံဖြစ်သွားတဲ့သဘော ရှိတယ်.."

ဟု ပြောလေရာ ကျွန်ုပ်ကဝင်၍...

"ဒါကြောင့် ကိုမင်းအောင်က နီရိုးဘုရင်လိုနေတာပေ့ါ"

ဟုပြောလေ၏။

ဆားပုလင်းမင်းအောင်က ဂျွန်ပလေးယားမှတ်ဆိတ် စီးကရက်ကို မီးညှိဖွာရှိုက်၍

"လူတွေဟာ ပူပင်သောက ဖြစ်စရာတွေကြုံတိုင်း ဥပေက္ခာပြုထားနိုင်တဲ့သူကို နီရိုးဘုရင်နဲ့ တင်စားပြီး ပြောလေ့ရှိတယ်၊ နီရိုးဘုရင်ဟာ ရောမမြို့ကြီး မီးလောင်ချိန်မှာတောင် တယောထိုး မပျက်တဲ့သူ၊ ဥပေက္ခာပြုနိုင်တယ် ၊ ပူပင်သောက မရှိဘူးပေ့ါဗျာ၊ ဒါပေမဲ့ ရောမသမိုင်းနဲ့ ပတ်သက်တဲ့ အလွန်ရှားပါးပြီး ရှေးကျတဲ့ ကျမ်းစာအုပ်ကြီးတစ်အုပ်ကို ဖတ်ရှုတဲ့အချိန်ကစပြီး နီရိုးဘုရင် နှစ်သက်တဲ့ ကျွန်တော့်ရဲ့ ခံစားမှုတွေ ပြောင်းလဲသွားတယ်"

ဟု ပြောလေရာ

ကျွန်ုပ်က စိတ်ဝင်စားဟန်ဖြင့် နားစွင့်၍

"နီရိုးဘုရင်နဲ့ပတ်သက်လို့ တယောထိုးတာကလွဲပြီး ကျွန်တော်တို့ ဘာမှမသိဘူး"

ဟုပြောလေ၏။

ဆားပုလင်းမင်းအောင်က

ခေါင်းညိတ်၍ "နီရိုးဘုရင် တယောထိုးတာနဲ့ ပတ်သက်ပြီး NERO RDDLED WHILE ROME BURNED လို့ ဆိုထားတယ်၊ HDDLCD ကို တယော လို့ ဘာသာပြန်ထားတယ်၊ တကယ်တော့ နီရိုးဘုရင်ခေတ် အေဒီ ၅၄ ခုနှစ် လောက်က တယောမပေါ်သေး၊ အဲဒီအချိန်က ကြိုးတပ်တူရိယာ ဗျပ်စောင်း သဘောမျိုးပဲ ရှိသေးတယ်၊ ဒါဟာ သမိုင်းဆရာတွေ သတိပြုရမယ့်အချက် ပဲ.."

ဟုပြောလေရာ

ဦးပေါ်ဦးကြီးက ဝင်၍

"နီရိုးဘုရင်ရဲ့ အ ကြောင်းကို ပြောပါဦးဗျာ..."

ဟု မေးမြန်းလေ၏။

ဆားပုလင်းမင်းအောင်က ဂွန်ပလေးယား မုတ်ဆိတ်ကို မီးညှိဖွာရှိုက်၍

"နီရိုးဘုရင်ဟာ ရောမထီးနန်းတက်တော့ အသက် (၁၇) နှစ်ပဲရှိသေး တယ်၊ သူ့မှာ ထူးခြားတဲ့ အရည်အချင်း အမျိုးမျိုးရှိတယ်၊ သူက မြာပွေ တယ်၊ ကာမဂုဏ် လွန်ကျူးတယ်၊ ရက်စက် ကြမ်းကြုတ်ပြီး တစ်ကိုယ်ကောင်းဆန်တယ်၊ သူတစ်ပါးကို နှိပ်စက်ကလူပြုရမှ စားဝင် အိပ်ပျော်တယ်၊ ဆန့်ကျင်ဘက် အနေနဲ့ ဇဝနညာဏ်ရွှင်တယ်၊ အနုပညာ လိုက်စားတယ်၊ ကဗျာလင်္ကာ သီကုံးစပ်ဆိုပြီး သီချင်းဆိုကောင်း တယောထိုးကောင်းတဲ့ အနုပညာသမား တစ်ယောက်လည်း ဖြစ်တယ်၊ နီ ရိုးဘုရင်ရဲ့ အနားမှာ ငယ်ရွယ်နုပျိုပြီး ကာမဂုဏ်လိုက်စားတတ်တဲ့ မင်း မှူးမတ်တွေက ဝိုင်းရံခစားနေတယ်၊ နီရိုးဘုရင်ရဲ့ အထူးခြားဆုံး အကျင့်

တစ်ခုက အစဉ်အလာ အယူအဆအဟောင်းတွေကို ဆန့်ကျင်တဲ့ အကျင့်ပဲ၊ ဒီအကျင့်ကြောင့် ရောမဘုရင်တွေ အားလုံး လက်ခံကျင့်သုံးခဲ့တဲ့ ရှေးရိုး အစဉ်အဆက်က ဥပဒေကျမ်းတွေကို သူ့သဘောနဲ့သူ ပြင်ဆင်ရေးသားခဲ့ တယ်၊ သူ့ရဲ့ ပြင်ဆင်ရေးသားချက် တွေဟာ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ ဆိုရင် ဥပဒေကျမ်းစာအုပ်ထဲမှာ ကျွန်တစ်ယောက်က သခင် ကို လုပ်ကြံသတ်ဖြတ်ခဲ့ရင် ထိုကျွန်ကိုသာမက ကျွန်အားလုံးကို အပြစ်ဒဏ် ချမှတ်ရမယ်လို့ ရေးသားခဲ့တယ်၊ ဒီဥပဒေကြောင့် ရောမတရားရုံးက ကျွန် ပိုင်ရှင် တစ်ယောက်ကို ကျွန်က လုပ်ကြံ သတ်ဖြတ်တဲ့ အမှုမှာ အဲဒီကျွန်ကို သာမက အခြားကျွန်(၄၀၀)ကို သေဒဏ်စီရင်လိုက်တယ်"

ဟု ဆိုလိုက်ရာ ဆားပုလင်းမင်းအောင်၏ စကားကို နားထောင်၍ ကျွန်ုပ် နှင့် စုံထောက် ဦးပေါ်ဦးသည် ထိတ်လန့် တုန်လှုပ်သွားပြီး ကျွန်ုပ်က

"အတော်ရက်စက်တဲ့ နီရိုးဘုရင်ပဲ၊ အပြစ်မဲ့တဲ့ လူ (၄၀၀) .. လောက် သေဒဏ်ခံလိုက်ရတယ်..."

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍...

"အဲဒီတုန်းက နီရိုးဘုရင်ဟာ နတ်ဘုရားလောက်နီးနီး တန်ခိုးကြီးနေ တော့ လက်ညှိုးညွှန်ရာ လိုရာဖြစ်နေတာပေါ့၊ သူဟာ ကာမဂုဏ်လိုက်စားဖို့ စိတ်အလွန်သန်ပြီး မှူးမတ်တွေရဲ့ ချောမောလှပတဲ့ မိန်းမကိုမြင်ရင် မိဖုရား အဖြစ် သိမ်းပိုက်တယ်၊ မိခင်ကြီးကိုတောင် နန်းတွင်းမှာ သြဇာပေးနေ တယ် ဆိုပြီး လုပ်ကြံဖို့ ကြိုးစားဖူးတယ်၊ မိခင်ကြီးကို ရေကန်တစ်ကန် ခေါ် သွားပြီး လှေစီးဖို့ တိုက်တွန်းတယ်၊ နောက်တော့ လှေကို အပေါက်ဖောက် ပြီး ရေလယ်ကောင်မှာ လှေနစ်အောင် စီမံထားတယ်၊ ဒါပေမဲ့ ကံကောင်း ထောက်မလို့ သူ့မိခင်ကြီးက ရေကူးပြီး လွတ်မြောက်လာတယ်၊ ဒါကို မ ကျေမနပ်ဖြစ်ပြီး သူ့ရဲ့လက်ပါးစေတွေကို လွှတ်ပြီး လုပ်ကြံခိုင်းသေးတယ်၊

နီရိုးဘုရင်ရဲ့ ရက်စက်မှုတွေကတော့ ပြောမဆုံးပေါင် တောင်သုံးတောင်ပဲ ဗျ၊ သူ့ရဲ့ စိတ်အပန်းပြေစေဖို့ ကွင်းပြင်ကြီးထဲမှာ ကျွန်တွေကို တစ်ယောက်နဲ့တစ်ယောက် အသေအကြေ သတ်စေတယ်၊ သတ်လို့ အနိုင်ရတဲ့သူကို ကျွန်အဖြစ်က လွတ်မြောက်ခွင့် ပေးတယ်၊ ရှုံးနိမ့်တဲ့သူကိုတော့ နီရိုးဘုရင်က သေသင့်၊ မသေသင့် ဆုံးဖြတ်တယ်၊ သတ်ပွဲကိုကြည့်နေတဲ့ နီရိုးဘုရင်က လက်မထောင်လိုက်ရင် ရှုံးနိမ့်တဲ့ကျွန်ဟာ အသက်ရှင်ခွင့်ရှိတယ်၊ လက်မ အောက်စိုက်ရင်တော့ နိုင်တဲ့ကျွန်က အသေသတ်ရတယ် "

ဟု ရှင်းလင်းပြလေရာ ဦးပေါ်ဦးက စုတ်သပ်၍ ...

"အတော်ရက်စက်တဲ့ နီရိုးဘုရင်ပဲ၊ လူသားအချင်းချင်း သတ်တာကို အရသာခံပြီး ကြည့်ရတယ်လို့ဗျာ...."

ဟု ရေရွတ်လေ၏။

ဆားပုလင်းမင်းအောင်က စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီး

"ကျွန်တွေဟာ တစ်ယောက်နဲ့တစ်ယောက် သတ်ဖြတ်တဲ့အခါ အချင်းချင်း မမှတ်မိနိုင်အောင် မျက်နှာကို သံခေါင်းစွပ် မျက်နှာဖုံးတွေ စွပ်ထားရတယ်ဗျ၊ ဒါကြောင့် ညီအစ်ကိုချင်းတောင် တစ်ဦးနဲ့တစ်ဦး အသေအကြေ တိုက်ခိုက်ကြတယ်၊ ပြိုင်ပွဲဝင်တဲ့သူတွေဟာ လက်ထဲမှာ ပိုက်ကွန်နဲ့ ဓား (သို့) မှိန်းလို လက်နက်မျိုးကို ကိုင်ဆောင်ရတယ်၊ တစ်ဦးနဲ့တစ်ဦး အသေအကြေ တိုက်ခိုက်လို့ တိုက်ပွဲတွေ ပြီးသွားရင် သေဆုံးသူတွေကို ဆာလောင်မွတ်သိပ်နေတဲ့ တိရစ္ဆာန်ရိုင်းကြီးတွေ လှောင်အိမ်ထဲက လွှတ်ပြီး အစာကျွေးလိုက်တာပဲ၊ ဒီအစဉ်အလာတွေဟာ ရောမနန်းဆက် အစဉ်အလာ ထုံးစံလို ဖြစ်နေတာဗျ..."

ဟု ရှင်းလင်းပြလေရာ ကျွန်ုပ်က ခေါင်းတဆတ်ဆတ် ညိတ်၍

"...ကျွန်ပိုင်ရှင်ခေတ်ဆိုတော့ ရက်စက်မှာပေါ့ဗျာ၊ နီရိုးဘုရင်အကြောင်း ဆက်ပါဦး.."

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ဆက်လက်၍

"....နီရိုးဘုရင်ဟာ ရောမမြို့ကြီး မီးလောင်တာကို ငြိမ်းသတ်ဖို့ မကြိုးစားဘဲ မြို့ရိုးပေါ်က တက်ကြည့်တယ်၊ သူဟာ မြို့ကြီးတစ်မြို့လုံး မီးဟုန်းဟုန်း တောက်လောင်ပြီး တိုင်းသူပြည်သားတွေ ဘေးဒုက္ခရောက်နေချိန်မှာ သူကိုယ်တိုင် ရေးထားတဲ့ ထရွိုင်မြို့အား ဖျက်ဆီးခြင်း သီချင်းကို တယောထိုးပြီး အရသာခံ ကြည့်နေတယ်၊ ရောမမြို့ကြီး မီးလောင်မှုအစဟာ နီရိုးဘုရင်ကို မကျေနပ်တဲ့ တိုင်းသူ ပြည်သားတွေက နန်းတော်တံခါးရှေ့မှာ မီးရှို့ရာကနေ စတယ်လို့လည်း အဆိုရှိတယ်၊ ဒါပေမဲ့ ရောမမြို့ကြီး မီးလောင်တာနဲ့ ပတ်သက်ပြီး ဘယ်သူကမှ ရေရေရာရာ မပြောနိုင်ဘူး၊ ကျုပ်ဖတ်ဖူးတဲ့ ကျမ်းစာအုပ်ထဲမှာ ဆိုထားတာကတော့ အဖြစ်နိုင်ဆုံးပဲ၊ စာအုပ်ထဲမှာ ရေးထားတာက နီရိုးဘုရင်ရဲ့ စိတ်ဓာတ်နဲ့ ပတ်သက်လို့ပဲ၊ နီရိုးဘုရင် သူ့ကိုယ်သူ အထင်ကြီးတယ်၊ နတ်ဘုရားတစ်ပါးလို့တောင် ထင်မြင်တယ်၊ သူ့ရဲ့စိတ်ဟာ အစဉ်အလာ အယူအဆဟောင်းတွေကို ဆန့်ကျင်တယ်၊ အသစ်အသစ်တွေကို တီထွင်ဖန်တီးချင်တယ်၊ နီရိုးဘုရင်လက်ထက် ရောမမြို့ကြီးဟာ အလွန်အင်မတန် ရှေးကျတဲ့ အဆောက်အအုံကြီးတွေ ရှိတယ်၊ နီရိုးဘုရင်ဟာ ဒါတွေကို ဖျက်ဆီးပြီး ရောမမြို့ကို သူ့ရဲ့ တန်ခိုးအာဏာနဲ့ အသစ်ပြန်လည် တည်ဆောက်ချင်တယ်၊ ဒါကြောင့် ရောမမြို့ကြီးကို မီးရှို့တဲ့ တရားခံဟာ နီရိုးဘုရင်ပဲ ဖြစ်တယ်လို့ အဆိုရှိတယ်ဗျ..."

ဟု ရှည်လျားစွာ ရှင်းလင်းပြလေရာ ကျွန်ုပ်နှင့်စုံထောက် ဦးပေါ်ဦးသည် ကိုမင်းအောင်၏ စကားကို စိတ်ဝင်တစားနား ထောင်၍ ကျွန်ုပ်က

"ကိုမင်းအောင်ကတော့ ဗဟုသုတ စုံပါပေ့ဗျာ၊ စာရေး ဆရာလုပ်မယ့်

ကျွန်တော်တောင် ဒီလောက် မသိဘူးဗျ..." ဟု ချီးမွမ်းလေရာ ဆားပုလင်း မင်းအောင်က ကျွန်ုပ်ကို စကားမတုံ့ပြန်ဘဲ ဂွန်ပလေးယား မုတ်ဆိတ်စိုး ကရက်ကိုသာ မဲ၍ ဖွာနေလေတော့၏။

ထိုအခိုက်မှာပင် ဆားပုလင်းမင်းအောင်၏ အိမ်ရှေ့သို့ ပြာတာမောင်ရွှေ ရောက်လာပြီးလျှင်

"....ဆရာတို့ရေ၊ ဘောက်ထော်က ခြံကြီးတစ်ခြံမှာ လူသတ်မှုဖြစ်ပြီဗျို့ မင်းကြီးက ဆရာ ဆားပုလင်း မင်းအောင် အိမ်ကိုသွားပြီး လူသတ်မှုကို အမြန်ဆုံး စုံစမ်းပါလို့ ပြောခိုင်းလိုက်တယ်..."

ဟုပြောလေရာ ဦးပေါ်ဦးကြီးက မျက်နှာကိုရှုံ့မဲ့၍

"....ဒီနေ့တော့ အိမ်ကို စောစောပြန်ပြီး မိန်းမနဲ့ ရုပ်ရှင်လေး ဘာလေး ကြည့်ဖို့ စဉ်းစားပါတယ်၊ အခုတော့ သွားပါပြီဗျာ.." ဟု ရေရွတ်လေရာ

"...ကိုကိုရေ.. ဒီနေ့ ရုံးက စောစော လစ်ထွက်လာခဲ့နော်၊ မေ သူငယ်ချင်းကို ဘတ်ဒေးပရယ်ဇင့် ပေးဖို့ စကော့မတ်ကက်ထဲမှာ တစ်ခုခု သွားဝယ်ရအောင်...."

ဆိုသော ကျွန်ုပ်၏ ဇနီးချော "မေ" ၏အသံကို ပြန်လည် ကြားယောင်ကာ ကျောချမ်းသွားမိ၏။

အိမ်ပြန်လျှင် သူမ စိတ်ကောက်နေပေရော့မည်။ ဆားပုလင်းမင်းအောင်ကမူ သက္ကလတ ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်း၍

"...အမှုမလိုက်ရတာကြာလို့ ပျင်းနေတာနဲ့ အတော်ပဲဗျာ၊ သွားကြစို့ ..."

ဟု ပြောလေ၏။

ဘောက်ထော်သို့ ရောက်သောအခါ လူသတ်မှုဖြစ်ပွားရာ ခြံကြီး၏ရှေ့တွင် အင်းစိန်စီအိုင်ဒီမှ စုံထောက်ကျော်များဖြစ်သော စုံထောက်ကိုစိန်မြင့်၊ ကို

တင်လှ၊ ဘိလပ်ပြန် ဆရာပွ အစရှိသော စုံထောက်များ၏ ကားစုတ်ကြီးကို တွေ့ရလေ၏။ စုံထောက်ဦးပေါ် ဦးကြီးက

"...ဟဲ ဟဲ... ကျုပ်တို့ ဇာတ်လိုက်တွေ မရောက်ခင် လူကြမ်းတွေကတော့ အရင်ရောက်နေပြီဗျို့ သဲလွန်စတွေ ပျောက်အောင် ရှေ့ကနေ ဘာတွေ မဟုတ်က ဟုတ်က လုပ်ထားလဲ မသိဘူး"

ဟုပြောလေ၏။

***

ကျွန်ုပ်တို့ကား ခြံရှေ့သို့ရပ်သောအခါ ခြံရှေ့တွင် ကြိုတင်စောင့်နေသော ပုလိပ်ကလေးတစ်ဦးက ခြံကြီးထဲသို့ ခေါ်ဆောင်သွားလေ၏။ ခြံကြီးထဲတွင် ရှေးဆန်သော တိုက်ခံအိမ်ကြီးတစ်လုံး ရှိပြီး ခြံဝင်းထဲတွင် ချုံနွယ် ပိတ်ပေါင်းများ ထူထပ်စွာ ပေါက်ရောက်နေကြောင်း တွေ့ရလေ၏။

အိမ်ကြီး၏ ဧည့်ခန်းထဲတွင် ဘောက်ထော်အပိုင်ရှိ ဌာနအုပ်ဦးဘလှက စောင့်ကြို၍ အိမ်ကြီး၏ အပေါ်ထပ်သို့ ခေါ်ဆောင်သွားလေ၏။

အပေါ်ထပ် ဧည့်ခန်းကြီးတွင် တစ်အိမ်လုံး ရှုပ်ပွနေပြီး သေသူမှာ ကြမ်းပြင်ပေါ်တွင် ပက်လက်လှန် လဲနေလေ၏။

စုံထောက်ကိုတင်လှက သေသူ၏ပါးစပ်ကို အတင်းဖြဲပြီး လူတတ်ကြီး လုပ်၍ ကြည့်ရှုနေလေရာ ၎င်းကို အမြင်ကတ်သော ဦးပေါ်ဦးကြီးက...

"ကိုတင်လှ ရွှေသွားတွေ ချွတ်ယူမလို့လား၊ ဒါ ခင်ဗျားလုပ်ရမယ့် အလုပ် မဟုတ်ဘူးဗျ၊ သင်္ချိုင်းရောက်မှ သုဘရာဇာလုပ်ရမယ့်အလုပ်...."

ဟု လှောင်ပြောင်လေရာ စုံထောက်ကိုတင်လှသည် ရှက်ကိုးရှက်ကန်းဖြင့် ထရပ်လိုက်ပြီး ဦးပေါ်ဦးကို ရှုတင်းတင်းကြည့်ကာ

"ဒီမှာ ဦးပေါ်ဦး၊ တာဝန်ချိန်မှာ မနောက်နဲ့ ဗျာ၊ ပတ်ပလစ်က ကျုပ်တို့ကို

အထင်သေးသွားမယ်..."

ဟု ပြောလေရာ ဦးပေါ်ဦးက ရယ်မော၍

"ဘာ... ပြည်သူက ကျုပ်တို့ကို အထင်သေးသွားမယ် ဟုတ်လား၊ ခင်ဗျား တို့မှာ အထင်ကြီးစရာ ရှိလို့လား၊ စီအိုင်ဒီမှာ အမှုထမ်းတာပဲ အိုသေတော့ မယ်၊ ဒီနေ့အထိ လူသတ်မှုတရားခံကို တစ်ခါမှ မဖမ်းနိုင်ဘဲနဲ့..."

ဟု ဆိုလိုက်ရာ စုံထောက်ကိုတင်လှမှာ မျက်နှာရှုံ့မဲ့၍

"ဒါ ခင်ဗျားနဲ့မဆိုင်ပါဘူး၊ ခင်ဗျားတို့သာ အရည်အချင်းမရှိဘဲ ဆင်ဖြူတော်မှီပြီး ကြံစုပ်နေတာ..."

ဟုပြောလေ၏။ ဦးပေါ်ဦးက ရယ်မော၍

"...ဟား... ဟား.. ကျုပ်တို့က အရည်အချင်းမရှိရင် မရှိကြောင်း ရိုးရိုးသား သား ဝန်ခံပြီး ဆားပုလင်းမင်းအောင်ရဲ့ နောက်လိုက်လုပ်နေတယ်၊ ဒါကို မ နာလို မရှိစမ်းပါနဲ့၊ ခင်ဗျားတို့သာ ကိုယ့်ထက်သာ မနာလိုဖြစ်နေတဲ့ စိတ်ကို လျှော့ ဒီစိတ်မျိုးက သေရင်တောင် ငရဲပြည်ရောက်နိုင်တယ်..."

ဟု ပြောလိုက်လေ၏။

ထိုအချိန်တွင် စုံထောက်ကိုစိန်မြင့်သည် မည်သူ့ထံမှ ငှားရမ်းလာသည် မ သိသော ဓာတ်ပုံ ကင်မရာကြီးဖြင့် အလောင်းကြီးကို ရှုထောင့်အမျိုးမျိုးမှ ရိုက်ယူနေလေ ဆားပုလင်း မင်းအောင်သည် စုံထောက်ကိုစိန်မြင့်တို့ ရှိနေ သေးသဖြင့် သေသူကို မစစ်ဆေးသေးဘဲ ပြတင်းပေါက်အနီးတွင် ရပ်၍ ဂျွန် ပလေးယား ပုတ်ဆိတ်တစ်လိပ်ကို မီးညှိဖွာရှိုက်နေလေ၏။ စုံထောက် ဦး ပေါ်ဦးကြီးက စုံထောက် ကိုစိန်မြင့်၏ ပခုံးကိုလက်ဖြင့် ပုတ်၍....

"ဟေ့လူ၊ ကင်မရာထဲမှာ ဖလင်မှပါရဲ့လား၊ မဟုတ်တာတွေတော့ မလုပ်နဲ့ နော်..."

ဟု နောက်ပြောင်လေရာ စုံထောက်ကိုစိန်မြင့်သည် မကြားချင်ဟန် ဆောင်နေလေ၏။ ထိုအချိန်တွင် ဘိလပ်ပြန် ဆရာပွကြီးသည် အိမ်ကြီး၏ အပေါ်ထပ်သို့ ကမန်းကတန်း ပြေးတက်လာပြီး မှတ်စုစာအုပ်ဖွင့်၍ တစ်စုံတစ်ရာကို အရေးကြီးဟန်ဖြင့် ရေးမှတ်နေလေ၏။

ဆရာပွကြီးသည် တိုင်ကြီးကိုကွယ်၍ ရပ်နေသော ကျွန်ုပ်ကို မမြင်ဘဲ ရေးမှတ်နေလေရာ ကျွန်ုပ်က သိချင်စိတ်ဖြင့် ခြေဖျားထောက်၍ လှမ်းကြည့် လိုက်၏။ ထိုအခါ စာအုပ်ထဲမှာ မည်သည့် စာကိုမှ မတွေ့ရဘဲ ကြက်ခြေခတ်များ၊ ဝလုံးများကိုသာ တွေ့ရ၍ ရယ်ချင်သော စိတ်ကို ထိန်း လိုက်မိ၏။

ဘိလပ်ပြန် ဆရာပွကြီးနှင့် စုံထောက်ကိုစိန်မြင့်၊ ကိုတင်လှတို့သည် လွန်စွာ လူအထင်ကြီးခံလိုသူများ ဖြစ်ပြီး ဆားပုလင်း မင်းအောင်ကိုလည်း အသားလွတ်မနာလို ဖြစ်နေသူများ ဖြစ်၏။ ၎င်းတို့လူစုသည် ဆားပုလင်း မင်းအောင်၏ ပျက်စီးရာ ပျက်စီးကြောင်းကိုသာ အစဉ်သဖြင့် ရှာကြံနေ သူများ ဖြစ်ပြီး ရလျှင်ရသလို မင်းကြီးရှေ့တွင် ချောက်တွန်းလေ့ရှိ၏။ ၎င်း တို့သည် အိမ်ကြီး၏ ဧည့်ခန်းထဲတွင် မျက်စိ နောက်လောက်အောင် ဟို ပြေးသည်ပြေး လုပ်ပြီးနောက် တရားခံကို တစ်လအတွင်း ဖမ်းဆီးပေးမည် ဟု ကြေညာလေ၏။

ပုလိပ်များသည် ၎င်းတို့လူစုကို ယုံကြည်ဟန်မရှိဘဲ ဝတ်ကျေတန်းကျေ နားထောင်နေလေ၏။

ဆားပုလင်းမင်းအောင်သည် သေသူ၏ အနီးတွင် ဒူးထောက်ထိုင်၍ စစ်ဆေးကြည့်ရှုလေ၏။ သေသူ၏အသက်မှာ ၄၀ ဝန်းကျင်ရှိပြီး တောင့်တင်းကြံ့ခိုင်သော ကိုယ်ဟန်နှင့် သေဝံ့သတ်ဝံ့သော ပုံသဏ္ဌာန်မျိုး ရှိ လေ၏။ သေသူ၏ရင်ဝတွင် လွန်စွာသေးငယ်သော ဓားတိုလေး တစ်ချောင်း

စိုက်ဝင်နေပြီး အခြားသော ဒဏ်ရာကို မတွေ့ရပေ။ ကိုမင်းအောင်က သေသူ၏ လက်မောင်းနှစ်ဖက်ကို လှန်ကြည့်လေရာ လက်ဖျံနှင့် လက်မောင်းတွင် ဆေးမင်ကြောင်များကို တွေ့ရလေ၏။

ကိုမင်းအောင်က သေသူ၏ လည်ပင်းကို စစ်ဆေးကြည့်ရှုပြန်၏။

ထို့နောက် ထိုင်ရာမှထ၍ အိမ်ကြီး၏ ဧည့်ခန်းကို လှည့်လည် ကြည့်ရှုလေ၏။ အိမ်ကြီးထဲတွင် ဧည့်ခန်းတစ်ခုလုံး ပစ္စည်းများရှုပ်ပွ ပြန့်ကျဲနေပြီး လွန်စွာ ကြီးမားသော တရုတ်ပန်းအိုးကြီး တစ်လုံးလည်း ကွဲကြေနေလေ၏။

ကိုမင်းအောင်က ဧည့်ခန်းအလယ်ရှိ လွန်စွာကြီးမားသော မီးဆိုင်းကြီးကို မော့ကြည့်၍ ခေါင်းတဆတ်ဆတ် ညိတ်လေ၏။

ထို့နောက် အိမ်ကြီး၏ အနောက်ဘက်သို့ သွားရောက်ကြည့်ရှုပြီး ခြံဝင်းထဲသို့ ဆင်းကြည့်ပြန်၏။ ခြံဝင်းအုတ်တံတိုင်းအနီးသို့ သွား၍ ဖျတ်ခနဲ ဆွဲခုန်တက်လေ၏။ ခြံကြီး၏ အုတ်တံတိုင်းမှာ လူတစ်ရပ်ကျော်ခန့် မြင့်မားသော်လည်း ကိုမင်းအောင် ခုန်ဆွဲတက်သွားပုံမှာ ကျွမ်းဘားသမား တစ်ယောက်ကဲ့သို့ ပေါ့ပါးလှ၏။ ဦးပေါ်ဦးကြီးက ကိုမင်းအောင်ကို ကြည့်၍...

"ကိုမင်းအောင်ကိုကြည့်ရတာ မျောက်လွှဲကျော် ကျနေတာပဲ၊ ပေါ့ပါးလိုက်တာဗျာ..."

ဟု ချီးမွမ်းလိုက်လေ၏။ ကျွန်ုပ်က ရယ်မော၍....

"ဦးပေါ်ဦး ခင်ဗျားစကားက ချီးမွမ်းတာလား၊ ကဲ့ရဲ့တာလား...."

ဟု မေးမြန်းလိုက်လေ၏။

ထိုအခိုက်မှာပင် အနီးသို့ ဆားပုလင်းမင်းအောင် ရောက်ရှိလာသဖြင့် အိမ်ကြီး၏ အပေါ်ထပ်သို့ ပြန်တက်ကြပြီး ဦးပေါ်ဦးက... အမှုနဲ့ပတ်သက်ပြီး

နည်းနည်းပါးပါး ပြောပါဦးဗျ…" ဟု မေးမြန်းလေ၏။

ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

"….တရားခံဟာ ကြံရည်ဖန်ရည် ကောင်းရုံမကဘူး၊ လက်ရုံးရည်နဲ့လည်း ပြည့်စုံတဲ့လူဗျ၊ ကျုပ်ကလည်း ဒီလိုတရားခံမျိုး တွေ့ချင်နေတာ၊ အမှုကတော့ ရန်ငြိုးရန်စ တစ်ခုကြောင့် ဖြစ်ပွားတဲ့ အမှုဖြစ်မယ်ထင်တယ်…."

ဟု ပြောလေရာ ကျွန်ုပ်ကဝင်၍ ….

"သေသူဟာ ဘယ်လိုလူမျိုးလဲ ကိုမင်းအောင်…"

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က

"ဒါတော့ လေ့လာနေတုန်းပဲဗျို့ လူကောင်းတစ်ယောက်တော့ မဟုတ်ဘူးဗျ၊ သူ့ကိုယ်မှာ ထိုးနှံထားတဲ့ ဆေးမင်ကြောင်တွေကို ကြည့်ရတာ ကိုယ်လုံပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားပုံ ရတယ်၊ တရားခံဟာ ခြံဝင်းအနောက်က အုတ်တံတိုင်းကို ကျော်တက်ပြီး ဝင်လာတယ်၊ အိမ်ကြီးရဲ့ အနောက်က ပိုက်လုံးကိုတွယ်ပြီး ပြတင်းပေါက်ကတစ်ဆင့် အိမ်ပေါ်ရောက်တယ်၊ ဒီအချိန်မှာ သေသူဟာ အိမ်ကြီးပေါ်မှာ မရှိဘူးဗျ၊ အောက်ထပ်မှာ ရှိနေပုံရတယ်၊ တရားခံဟာ ဧည့်ခန်းထဲအရောက် သေသူဟာ အိမ်ပေါ်ကို ရုတ်တရက် တက်လာတယ်ဗျ၊ တရားခံဟာ ပုန်းရှောင်ဖို့ အချိန်မရတာနဲ့ ကြွက်လျှောက်တန်းကို ခိုဆွဲတက်ပြီး မီးဆိုင်းကြီးပေါ် တက်ပုန်းလိုက်တယ်…."

ဟုပြောလေရာ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် ကိုမင်းအောင်၏ မျက်နှာကို တအံ့တဩ ကြည့်လိုက်ပြီးနောက် စုံထောက် ဦးပေါ်ဦးက

"ဗျာ…. ကြွက်လျှောက်တန်းကို ခိုဆွဲတက်ပြီး မီးဆိုင်းကြီးပေါ် တက်ပုန်းတယ် ဟုတ်ရဲ့လားဗျာ၊ ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်၊ ကြွက်လျှောက်တန်း

နဲ့ မီးဆိုင်းကြီးဟာ နည်းတဲ့အကွာအဝေး မဟုတ်ဘူး၊ ကျုပ်လိုလူမျိုးဆိုရင် မီးဆိုင်းပေါ်တက်ဖို့ လှေကားထောင်ပေးရင်တောင် မလွယ်ဘူး၊ နောက်ပြီး တရားခံဟာ ရှောင်တခင် တက်ရတာ ဖြစ်နိုင်ပါ့မလား..."

ဟု ရေရွတ်လေ၏။

ကျွန်ုပ်လည်း မီးဆိုင်းကြီးနှင့် နံရံ၏ အကွာအဝေးကို ကြည့်၍ ဦးပေါ်ဦး ကဲ့သို့ပင် ထင်မြင်မိလေ၏။

ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

"သေချာပါတယ်ဗျာ၊ ဟောဒီ ကြွက်လျှောက်တန်းကို ကြည့်လိုက်၊ တရားခံရဲ့ခြေရာနဲ့ လက်ရာတွေ တွေ့တယ်၊ အိုင်ပီတို့ ယုံအောင် လက်တွေ့ ပြမယ်၊ ကွယ်ရာမှာ ကျုပ်ကို မျောက်လွှဲကျော် လို့တော့ မပြောနဲ့ဗျာ ..."

ဟု ဆိုကာ ဆတ်ခနဲ ကြွက်လျှောက်တန်းကို ခိုဆွဲပြီး အပေါ်ဆုံးအဆင့်သို့ ရောက်သောအခါ မီးဆိုင်းကြီးပေါ်သို့ လွှားခနဲ ခုန်ကူးလိုက်လေ၏။

ကိုမင်းအောင်၏ ခုန်ပျံကျော်လွှားပုံမှာ လျင်မြန်လွန်းလှသဖြင့် ကျွန်ုပ်တို့ စုံထောက်နှစ်ဦးသည် ပါးစပ်အဟောင်းသား ဖြစ်သွားပြီး တအံ့တသြ ကြည့်ရှုမိလေ၏။ ကိုမင်းအောင်က မီးဆိုင်းကြီးကို ဆွဲထားသော သံကြိုး ကြီးကိုကိုင်၍ ရပ်ကာ

"ကျုပ် ပြောတာ ယုံပြီမဟုတ်လားဗျ၊ တရားခံဟာ ဒီနည်းနဲ့ သေသူကို ပုန်းအောင်းခဲ့တာဗျ၊ ပြီးတော့မှ သေသူကို တစ်ယောက်တည်းမှန်း သိလို့ ရုတ်တရက် ခုန်ချပြီး တိုက်ခိုက်ကြတာဗျ၊ ဟောဒီမှာ ဒဂ်ါးပြားလေးပါလား၊ တရားခံကျန်ရစ်တဲ့ သဲလွန်စ...."

ဟု ဆိုကာ အိတ်ထဲသို့ ကောက်ထည့်လိုက်ပြီး ကျွန်ုပ်တို့အနီးသို့ ပေါ့ပါးစွာ ခုန်ချလိုက်လေ၏။ ထိုအချိန်တွင် အိမ်ပေါ်ထပ်သို့ ရုတ်တရက် တက်လာ

သော ဌာနအုပ်ဦးဘလှက လန့်၍ အော်လိုက်ရာ ဦးပေါ်ဦးက...

"ဌာနအုပ်ကြီး မဟာဗန္ဓုလနဲ့ အမျိုးတော်တယ် ထင်တယ်..."

ဟု နောက်ပြောင်လေ၏။

"အမလေး လန့်လိုက်တာဗျာ၊ လူသတ်မှုဖြစ်တဲ့ အိမ်မှာ ခေါင်မိုးပေါ်က လူကြီးကျလာတယ် ဆိုတော့ မလန့်ဘဲနေမလားဗျ..."

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က

"သေသူနဲ့ပတ်သက်ပြီး သိထားသမျှ ပြောပါဦး"

ဟု မေးမြန်းလေ၏။ ဌာနအုပ် ဦးဘလှက ....

"သေသူရဲ့နာမည်က ဦးယက္ခလို့ သိရတယ်၊ သူဟာ ဒီအိမ်နဲ့ခြံကြီးမှာ တစ်ဦးတည်း နေထိုင်တယ်၊ သူရဲ့မနက်စာနဲ့ ညစာကို လမ်းထိပ်က ထမင်းဆိုင်က ချိုင့်ဆွဲမှာစားတယ်၊ မနက်ခင်း နွားနို့ပို့တဲ့ကုလားက ဦးယက္ခအလောင်းကို တွေ့လို့ ကျွန်တော်တို့ ဂါတ်တဲကို အကြောင်းကြားတာပါ၊ ဦးယက္ခဟာ ဒီအိမ်နဲ့ခြံကြီးကို ဝယ်တဲ့ နှစ်ပိုင်းပဲ ရှိပါသေးတယ်၊ သူဟာ ပတ်ဝန်းကျင်နဲ့ တသီးတခြား နေထိုင်လေ့ရှိပြီး လျှို့ဝှက်တတ်သူ တစ်ဦးလို့ သိရပါတယ်..."

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းတဆက်ဆက် ညိတ်၍ ဦးယက္ခ၏ အိပ်ခန်းအတွင်းရှိ ဗီရိုကြီးများကိုဖွင့်၍ စစ်ဆေးပြန်၏။

ထို့နောက်တွင်မူ ဦးယက္ခ၏ အိမ်နီးချင်း နေထိုင်သူ ရိုးကုမ္ပဏီမှ အရောင်းစာရေး လူငယ်တစ်ဦးကို ခေါ်ယူမေးမြန်းကြ ပြန်၏။ လူငယ်က

"ဒီလူကြီးဟာ ပတ်ဝန်းကျင်နဲ့ အပေါင်းအသင်း လုပ်လေ့မရှိဘူးဗျ၊ ကျွန်တော်တို့အိမ်မှာ အလှူတွေဘာတွေ လုပ်လို့ သွားဖိတ်ရင်တောင် လာလေ့မရှိဘူး၊ ပြီးခဲ့တဲ့ သင်္ကြန်တုန်းက သူ့အိမ်ကို မုန့်လုံးရေပေါ်သွားပို့တဲ့

ကောင်မလေးကို ဆူပူ ကြိမ်းမောင်းလွှတ်တယ်၊ တော်တော် ရိုင်းစိုင်းတဲ့ လူကြီးဗျ....

ဟုပြောလေ၏။

ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

"လွန်ခဲ့တဲ့ညက ဦးယက္ခရဲ့အိမ်က အသံဗလံတွေဘာတွေ ကြားမိသေးလား"

ဟု မေးမြန်းလေ၏။

လူငယ်က ခေါင်းခါ၍ ....

"သတိမထားမိပါဘူး ဆရာ၊ ကျွန်တော်တို့က ညဆိုရင် ဓာတ်စက်ဖွင့်ပြီး နားထောင်နေတာ များပါတယ်၊ ဒါကြောင့် ပတ်ဝန်းကျင်က အသံဗလံကို ကြားခဲပါတယ်..."

ဟုဖြေလေ၏။

ထိုအခါ လူငယ်နှင့်အတူ လိုက်ပါလာသော မိန်းကလေးက မျက်မှောင်ကြုတ်၍

"ကျွန်မတို့ပတ်ဝန်းကျင်မှာ ထူးခြားမှုတစ်ခုတော့ ရှိပါတယ်..."

ဟု ရေရွတ်လေရာ ဆားပုလင်းမင်းအောင်က အားတက်သရောဖြင့်

"ပြောပါ မိန်းကလေး..."

ဟုပြောလေ၏။ မိန်းကလေးကခေါင်းညိတ်၍

"အမှုနဲ့ဆိုင်လား မဆိုင်လားတော့ မသိပါဘူးရှင်၊ ညက တယောထိုးသံ ကြားရတယ်၊ တယောထိုးတဲ့သူဟာ လမ်းလျှောက်ရင်း ထိုးတာဖြစ်လိမ့်မယ်၊ သူ့တယောသံကိုကြားရင် ကျွန်မတို့ ရင်ထဲမှာ လွမ်းမောသလိုလိုကြီး ခံစားရတယ်ရှင့်၊ ညကလည်း ကျွန်မတို့ အိမ်ပတ်ဝန်းကျင်မှာ တယောသံကို

အတော်ကြာကြာ ကြားရတယ်...."

ဟုပြောလေရာ ဆားပုလင်းမင်းအောင်က လူငယ်နှင့် မိန်းမပျိုအား ကျေးဇူးတင်စကား ပြော၍ ပြန်ခွင့်ပြုလေ၏။

ထို့နောက် ဂျွန်ပလေးယားမှတ်ဆိတ် စီးကရက်ကို မီးညှိစွာ ရှိုက်၍ ပြတင်းပေါက်ဆီသို့သွားကာ ကျွန်ုပ်တို့ကို ကျောပေးရပ်၍

"အမှုကတော့ ရန်ငြိုးရန်စကြောင့် ဖြစ်တဲ့အမှုပဲ၊ တရားခံဟာ နှယ်နှယ်ရရ မဟုတ်ဘူး၊ ကြံရည်ဖန်ရည် ကောင်းပြီး လက်ရုံးရည် နှလုံးရည်နဲ့ ပြည့်ဝတဲ့သူဗျ၊ သူဟာ အိမ်ကြီးထဲကို လျှို့ဝှက်ပြီး ဝင်ရောက်လာတယ်၊ ဒီတုန်းက သေသူ ဦးယက္ခဟာ အိမ်အောက်ထပ်မှာ ရောက်နေတယ်၊ ဦးယက္ခ ရုတ်တရက် အိမ်ပေါ်တက်လာတော့ တရားခံဟာ မီးဆိုင်းကြီးပေါ် ခိုဆွဲပြီး ပုန်းလိုက်တယ်၊ ဦးယက္ခ တစ်ယောက်တည်း ရှိမှန်း သေချာတော့မှ မီးဆိုင်းပေါ်က ခုန်ချလိုက်တယ်၊ ဒီအချိန်မှာ ဦးယက္ခက စာအုပ်တစ်အုပ်ကို ဖတ်နေတယ်ဗျို့ စာအုပ်က အခန်းထောင့်မှာ လွင့်စဉ်ကျနေတဲ့ သူရဲတစ္ဆေတွေ အကြောင်း ရေးထားတဲ့ စာအုပ်ပဲ၊ ဦးယက္ခဟာ သွေးအေးတယ်၊ သူ့ကိုယ်သူ ယုံကြည်မှုရှိတယ်၊ မီးဆိုင်းပေါ်က ခုန်ချလာသူကို အေးအေးဆေးဆေး လက်ခံ စကားပြောတယ်၊ ဒီအချက်ကို သူရဲတစ္ဆေစာအုပ်မှာ ဖတ်လက်စနေရာကို စာရွက်ခေါက်ပြီး မှတ်သားထားတာကို ကြည့်ပြီး ပြောနိုင်တယ်၊ သူတို့ဟာ စကားတွေ ခဏပြောပြီး တိုက်ခိုက်ခဲ့ကြတယ်ဗျ၊ နှစ်ယောက်စလုံး အဆင့်မြင့် တိုက်ခိုက်ရေး ပညာရှင်တွေ၊ တစ်ဦးနဲ့တစ်ဦး အကြိတ်အနယ် ယှဉ်ပြိုင်ကြတယ်၊ တိုက်ပွဲရဲ့ပြင်းထန်ပုံကို ဟောဒီတိုင်မှာ စိုက်ဝင်နေတဲ့ ပုဆိန်နဲ့ လုံကြီးကိုကြည့်ပြီး သိနိုင်တယ်၊ ဒီလက်နက်တွေက ဦးယက္ခရဲ့ နံရံမှာ အလှချိတ်ထားတဲ့ လက်နက်တွေပါ၊ ဦးယက္ခဟာ လူငယ်ကို အနိုင်ယူချင်ဇော

နဲ့ ပုဆိန်ကြီးကို ဖြုတ်ပြီး လှမ်းပစ်လိုက်ပုံရတယ်၊ နောက်ဆုံးမှာ လူငယ်က လှံချိုဝှက်ပြီး ဆောင်ထားတဲ့ ဓားတိုလေးနဲ့ ဦးယက္ခကို လှမ်းပေါက်တယ်၊ ဦးယက္ခဟာ ဒဏ်ရာကြောင့် ယိမ်းယိုင်နေစဉ်မှာ လည်တိုင်ကို လက်ဝါးစောင်းနဲ့ ခုတ်ပြီး ပွဲသိမ်းလိုက်တယ်၊ ဦးယက္ခက ဓားဒဏ်ရာကြောင့် သေတာမဟုတ်ဘူးဗျ၊ လည်တိုင်ကျိုးပြီး သေဆုံးရတာ ဖြစ်တယ်...."

ဟု ရှည်လျားစွာ ရှင်းလင်းပြလေ၏။

ထို့နောက် သူ၏အိတ်ထဲရှိ ငွေဒင်္ဂါးပြားလေးကို ထုတ်၍

"မီးဆိုင်းကြီးပေါ်ကရတဲ့ ငွေဒင်္ဂါးလေးမှာ ကြယ်ခုနစ်ပွင့် ထိုးထွင်းထားတယ်၊ ဒီဒင်္ဂါးလေးဟာ တစ်ဖက်နိုင်ငံမှာရှိတဲ့ လှံချိုဝှက်တဲ့ အဖွဲ့စည်းတစ်ခုရဲ့ အမှတ်အသားပဲ၊ ခုနစ်စင်ကြယ်အဖွဲ့လို့ ခေါ်တယ်၊ ခုနစ်စင်ကြယ်အဖွဲ့ဟာ မကောင်းသူပယ်၊ ကောင်းသူကယ်တဲ့ လှံချိုဝှက်အဖွဲ့အစည်းကြီးပဲ၊ တရားခံဟာ ဒီအဖွဲ့နဲ့ ပတ်သက်နေတာတော့ ထူးဆန်းတာအမှန်ပဲ..."

ဟု ရှင်းလင်းပြလေ၏။

ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် အမှုကို သာမန်မျှသာ စိတ်ဝင်စားသဖြင့် အိမ်သို့ပြန်ရန်သာ စိတ်စောနေမိ၏။

ဆားပုလင်းမင်းအောင်က အိမ်ကြီး၏ အောက်ထပ်သို့ဆင်း၍ ကားဆီသို့ လမ်းလျှောက် ပြန်လာကာ တံခါးကိုဖွင့်၍

"ဒီအမှုမှာ ညညဆိုရင် လွမ်းဆွတ်စရာကောင်းတဲ့ တယောထိုးသံကို ကြားရတယ်ဆိုတာ အလွန်စိတ်ဝင်စားဖို့ ကောင်းတယ်.."

ဟု တီးတိုးပြောလိုက်လေတော့၏။

***

## အပိုင်း (၂)

နောက်တစ်နေ့သို့ ရောက်သောအခါ ကျွန်ုပ်သည် စိတ်ကောက်နေသော ဇနီးချော "မေ" ကို အိပ်ရာမှမနိုးဝံ့ဘဲ ပဲပြုတ်ဝယ်၍ ထမင်းကို ကိုယ်တိုင် ကြော်ရလေ၏။ ထို့နောက် သူမ အိပ်ရာနိုးလျှင် သောက်ရန် ကော်ဖီတစ်ခွက်ကို ဖျော်၍ ပေါင်မုန့်ကို မီးကင်ရလေ၏။

သူမသည် ကော်ဖီနှင့်ပေါင်မုန့်မီးကင်ကို နှစ်သက်၍ ကျွန်ုပ်မှာမူ ဘဲဥကြော်နှင့် ထမင်းကြော်ကိုသာ စားလေ့ရှိ၏။

ထိုအခိုက်မှာပင် ကျွန်ုပ်၏ အိမ်ရှေ့သို့ ဆားပုလင်းမင်းအောင် ရောက်ရှိလာသဖြင့် မျက်လုံးပြူးသွားပြီး

"မနက် စောစောစီးစီး ဘာကိစ္စတုံးဗျကိုမင်းအောင်...."

ဟု မေးမြန်းလေရာ ဆားပုလင်းမင်းအောင်က ရယ်မော၍...

"နာရီကိုလည်း ကြည့်ပါဦး၊ မနက် ၉ နာရီရှိပြီဗျ၊ အင်းတကော်ဘက်ကို ခရီးထွက်စရာရှိလို့ ခင်ဗျားကို အဖော်လာ ခေါ်တာ..."

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်၏ စကားကြောင့် ကျွန်ုပ်သည် လွန်စွာ စိတ်ညစ်သွားလေ၏။ ယမန်နေ့က စကော့မတ်ကက်သို့ မသွားရ၍ စိတ်ကောက်နေသော ဇနီးမေအား စကော့ မတ်ကက်ကိုသာမက ရုပ်ရှင်ပြ၍ ဒန်ပေါက်နှင့် ဖာလူဒါကျွေးပြီး ချော့မော့ရန် ကြံစည်ထား လေရာ ကျွန်ုပ်၏ မဟာစီမံကိန်းကြီး ပျက်စီးရပေတော့မည်။

ကျွန်ုပ်သည် စိတ်လက်မကြည်မသာဖြင့် ဆားပုလင်းမင်းအောင်၏

နောက်သို့ လိုက်ခဲ့လေတော့၏။ လမ်းတစ်နေရာသို့ ရောက်သောအခါ ဆား ပုလင်းမင်းအောင်က

"ကျွန်တော့်ကို အလိုက်မသိတတ်တဲ့ လူတစ်ယောက်လို့ မထင်ပါနဲ့ဗျာ၊ အိုင်ပီ့ ဇနီးချော "မေ" ကို မနက်ဖြန်မှ အတိုးချပြီး ချော့ပါဗျာ…"

ဟုပြောလေရာ ကျွန်ုပ်က ဆားပုလင်းမင်းအောင်ကို တအံ့တဩကြည့်၍

"ကျွန်တော့်ဇနီး စိတ်ကောက်နေတာ ကိုမင်းအောင် ဘယ်လိုလုပ်သိသလဲ…."

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ရယ်မော၍

"အိုင်ပီ့ဇနီးတင်မကဘူးဗျ၊ ဦးပေါ်ဦးကြီးဇနီး ခင်ခင်လည်း ဒီအချိန်လောက်ဆို စိတ်ကောက်နေမှာ သေချာတယ်ဗျို့၊ မနေ့က အိုင်ပီတို့ နှစ်ယောက်စလုံး အိမ်ကို စောစောပြန်စရာရှိလို့ စီအိုင်ဒီက လစ်ထွက်လာတာ ကျွန်တော်ရိပ်စားမိတယ်၊ တာမွေအပိုင်းဘက်ကို ရောက်တော့မှ ဦးပေါ်ဦးကြီးက "ကျုပ်တို့မိတ်ဆွေကြီး ပုလင်းမင်းအောင်ဆီကို ခဏလောက် ဝင်ကြရအောင်ဗျာ၊ ဒီလူရုံးကိုလည်း မလာဘူး၊ ဘာလုပ်နေလဲမသိဘူး ဆိုပြီး" ကျွန်တော့်အိမ်ကို ခဏဝင်ကြတယ်၊ အိမ်မှာ စကားပြောရင်း ပြာတာမောင်ရွှေ ရောက်လာတာနဲ့ ဘောက်ထော်က လူသတ်မှုဖြစ်တဲ့ အိမ်ကြီးကို ကန့်လန့်ကန့်လန့် ပါလာတယ်၊ ဒီလိုနဲ့ အိမ်ပြန်နောက်ကျပြီး ဇနီးတွေက စိတ်ကောက်လို့ အိုင်ပီတို့ နှစ်ယောက်စလုံး ချော့မော့ရတယ်"

ဟုပြောလေ၏။

ကျွန်ုပ်က ကိုမင်းအောင်၏ စကားများကို ပါးစပ်အဟောင်းသားဖြင့် နားထောင်နေရင်း

"ကိုမင်းအောင်ပြောသမျှ အကုန်မှန်တယ်ဗျ၊ တစ်လုံးမှမလွဲဘူး၊

အကြားအမြင်များ ရနေသလားဗျာ...."

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ရယ်မောၡ် ...

"ဒီလောက်လေးပြောရုံနဲ့ အကြားအမြင် မလိုပါဘူးဗျာ၊ လူတွေရဲ့ စရိုက်သဘာဝနဲ့ ပတ်ဝန်းကျင်ကို မျက်စိရှင်ရှင် ကြည့်နေတတ်ရင် အရာရာကိုမြင်နိုင်ပါတယ်၊ ညက အိုင်ပီဇနီးမေက စိတ်ကောက်ပြီး အခန်းတံခါးကိုပိတ်ထားလို့ အိုင်ပီ ဧည့်ခန်းထဲမှာ အိပ်ရတယ်မဟုတ်လား၊ ဧည့်ခန်းထဲမှာ ခေါင်းအုံးနဲ့စောင်ကို တွေ့တယ်၊ အိုင်ပီဟာ ကျွန်တော့်ကိုမြင်မြင်ချင်း မနက်စောစောစီးစီး ဘာကိစ္စတုံးလို့ ပြောလိုက်တယ်၊ ဒါဟာ ကျွန်တော့်ကို မလိုလားတဲ့သဘောပဲ၊ လေသံကို နားထောင်ကတည်းက အိုင်ပီ ဒီနေ့ရုံးကို မလာဘဲ ဇနီးချော "မေ"ကို ချော့တဲ့ အနေနဲ့မြို့ထဲမှာ ရုပ်ရှင်ပြမယ်၊ ဒန်ပေါက်နဲ့ ဖာလူဒါကျွေးမယ် ဆိုတာလည်း ကြိုတင် တွက်ဆမိတယ်ဗျ"

ဟု ရှင်းလင်းပြလေရာ ကျွန်ုပ်က ရှက်ကိုးရှက်ကန်းဖြင့် တဟားဟားရယ်မောကာ...

"ဟား.. ဟား.. ဟား... ဆားပုလင်းမင်းအောင်ကို ဘယ်ကိစ္စမှ လျှို့ဝှက်ထားလို့ မရပါလား၊ အိမ်က မိန်းမတွေ စိတ်ကောက်တာလဲ သိနေတာပဲ...."

ဟုပြောလေ၏။

ဆားပုလင်းမင်းအောင်က

"စိတ်ကောက်ချင် ကောက်ပါစေဗျာ၊ စိတ်ကောက်တယ် ဆိုတာ ရင်ထဲကမလိုလားချက်ကို အနုနည်းနဲ့ ဖော်ထုတ်တဲ့သဘောပဲဗျ၊ မကျေနပ်ချက်ကိုအကြမ်းနည်းနဲ့ ဆူပူကြိမ်းမောင်းပြီး ဖော်ထုတ်တာထက်စာရင် အနုနည်းနဲ့ဖော်ထုတ်တာ ကောင်းပါတယ်ဗျာ၊ နောက်ပြီး မကျေနပ်ချက် ဆိုတာ ရင်ထဲမှာ ကြာကြာမျိုသိပ်ထားလို့ ကောင်းတာမျိုး မဟုတ်ဘူးဗျ၊ တနည်းနည်းနဲ့

ဖော်ထုတ် ပေးရမယ်၊ ဒီလို ဖော်ထုတ်ပေးဖို့ စိတ်ကောက်ခြင်းဟာ နည်းလမ်းတစ်ခုပဲ...."

ဟုပြောလေရာ ကျွန်ုပ်က ရယ်မော၍

"ဒါဆိုရင် ကျုပ်တို့ မိန်းမတွေကို မကြာခဏ စိတ် ကောက်ခိုင်း ရမလိုဖြစ်နေပြီ...."

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

"အကြောင်းမရှိ၊ အကြောင်းရှာပြီး စိတ်ကောက်စရာ ကြံဖန်လုပ်နေတာကတော့ မကောင်းဘူးဗျ၊ ဒါဟာ ခံရသူအတွက် လူမှုရေး ဒုက္ခတစ်မျိုးပဲ၊ ကမ္ဘာပေါ်မှာရှိတဲ့ လင်မယားတွေ တစ်ယောက်နဲ့ တစ်ယောက် စိတ်ကုန်စေတဲ့ အများဆုံး အချက်ကတော့ နားပူနားစာ လုပ်ခြင်းပဲဗျ၊ လင်မယားပဲဖြစ်ဖြစ်၊ ချစ်သူတွေပဲဖြစ်ဖြစ်၊ တစ်ယောက်နဲ့တစ်ယောက် အပြန် အလှန်လေးစားပြီး ကြင်ကြင်နာနာ ရှိမယ်ဆိုရင် ကမ္ဘာကြီးတောင် ငြိမ်းချမ်းသွားနိုင်တယ်ဗျ...."

ဟုပြောလေရာ ကျွန်ုပ်က ရယ်မော၍

"ဒီလောက်တောင်ပဲလား ကိုမင်းအောင်ရယ်၊ နည်းနည်းပါးပါး လျှော့ပါဦးဗျာ...."

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က ဂျွန်ပလေးယား မုတ်ဆိတ်စီးကရက်ကို ကားအပြင်သို့ တောက်ပစ်လိုက်ပြီး

"အိမ်ထောင်စုတစ်စုမှာ လင်မယား ချစ်ချစ်ခင်ခင်မရှိရင် မိသားစုဝင်တွေရဲ့စိတ်ကို ခက်ထန် ကြမ်းတမ်းစေတယ်၊ ကမ္ဘာကျော် လူဆိုးကြီးတစ်ယောက်ကို စိတ်ညှို့ပြီး သူ့ရဲ့ငယ်စဉ်ဘဝကို စူးစမ်းကြည့်တဲ့အခါ မိခင်နဲ့ဖခင်ဟာ တစ်ဦးနဲ့တစ်ဦး မလိုမုန်းထားပြီး အစဉ်အမြဲ ရန်လိုနေတတ်

တယ်၊ ဒါကြောင့် ဒီလူဆိုးကြီးဟာ ငယ်စဉ်ကတည်းက တိရစ္ဆာန်ငယ်လေးတွေကို ဖမ်းဆီးပြီး နှိပ်စက် ညှဉ်းဆဲလေ့ရှိတယ်၊ မိဘနှစ်ပါးရဲ့ ကြမ်းတမ်းတဲ့စရိုက်က သူ့ရဲ့မသိစိတ်မှာ ခိုဝင်ပြီး သူ့ကို လူဆိုး လူသွမ်းကြီး ဖြစ်စေခဲ့တယ်၊ ဒါကြောင့် အိုင်ပီတို့ဇနီးမောင်နှံတွေ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်နေပါလို့ ပြောတာ....."

ဟု ပြောလေရာ ကျွန်ုပ်က တဟဲဟဲ ရယ်မော၍....

"ဟဲ ဟဲ .... ချစ်ပါတယ်ဗျာ၊ ချစ်လွန်းလို့ အနိုင်ယူနေတာ ခက်တယ်ဗျ၊ ဒါနဲ့ နေစမ်းပါဦး ကျွန်တော်တို့ အင်းတကော်ဘက်ကို ခရီးထွက်လာတာ ဘာကိစ္စလဲ...."

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ....

ဘောက်ထော်ခြံကြီးက အမှုနဲ့ ပတ်သက်လို့လေဗျာ၊ မနေ့က မီးဆိုင်းကြီးပေါ်ကရတဲ့ ငွေဒင်္ဂါးလေးဟာ ခုနစ်စဉ်ကြယ်အဖွဲ့ရဲ့ အမှတ်တံဆိပ်ဗျ၊ အင်းတကော်ဘက်မှာ ခုနစ်စင်ကြယ် အဖွဲ့ဝင် ဆရာနန္ဒဆိုတဲ့ ဆေးဆရာတစ်ယောက် ရှိတယ်၊ ကျုပ်မိတ်ဆွေပါပဲ၊ သူနဲ့ တွေ့ပြီး စုံစမ်းချင်လို့ပါ...."

ဟုပြောလေ၏။ အင်းတကော်ရှိ ရှေးအိမ်မည်းကြီးတစ်ဆောင် ရှေ့သို့ရောက်သောအခါ ဆားပုလင်းမင်းအောင်က ကားကိုရပ်စေ၏။

***

အိမ်ကြီး၏အရှေ့တွင် ဆရာနန္ဒဟူသော ဆိုင်းဘုတ်ကြီးကို ထင်ရှားစွာ ချိတ်ဆွဲထားလေ၏။ ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦး အိမ်ကြီးထဲသို့ ဝင်ရောက်သွားသောအခါ ဆရာနန္ဒ ကတော် ဆိုသော မိန်းမကြီးက ဆားပုလင်းမင်းအောင်ကို ထွက်၍ ကြိုဆိုပြီး ဆရာနန္ဒ မြန်မာပြည်အနှံ့ ဘုရားဖူး ထွက်သွားကြောင်း ပြောဆိုလေ၏။ ဆားပုလင်းမင်းအောင်က

ခေါင်းညိတ်၍

"ဒါဆိုရင်လည်း ကျွန်တော် ပြန်ပါဦးမယ်၊ ဆရာနန္ဒပြန်လာရင်သာ ပြောလိုက်ပါ၊ ရောက်လေရာ အရပ်မှာ မနာမကျန်း ဖြစ်နေတဲ့ လူနာကိုမြင်ရင် ဆေးမကုဘဲ မနေနိုင်တဲ့ ဆရာနန္ဒရဲ့ စိတ်ကို ကျွန်တော် မမေ့သေးပါဘူးလို့..."

ဟု မှာကြားကာ အိမ်ကြီးထဲမှ ထွက်ခဲ့လေ၏။ ကားပေါ်သို့ ပြန်ရောက်သောအခါ ကျွန်ုပ်က

"ဘုရားဖူးထွက်သွားတော့လည်း လာမောကြီးဖြစ်သွားပြီပေါ့....."

ဟု ရေရွတ်လေရာ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍....

"သူ့အိမ်ထဲမှာ ရှိပါတယ်၊ ဆရာနန္ဒ ဘုရားဖူး မထွက်ပါဘူးဗျ၊ ကျုပ်ကို အကြောင်း တစ်စုံတစ်ရာကြောင့် မတွေ့ချင်လို့ ရှောင်ပုန်းနေတာဖြစ်မယ်..."

ဟုပြောလေရာ ကျွန်ုပ်က အံ့သြဟန်ဖြင့်

"ကိုမင်းအောင် ဘယ်လိုလုပ်သိသလဲ "

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က....

ဆရာနန္ဒဟာ သမားကောင်း စိတ်ဓာတ်နဲ့ အလွန် ပြည့်စုံတဲ့ ဆရာတစ်ဦးဗျ၊ သူဘယ်ကိုသွားသွား ဆေးလွယ်အိတ်ကြီး မပါဘဲ မသွားဘူး၊ ဘုရားဖူးထွက်တိုင်း ဆေးလွယ်အိတ်ကိုလွယ်ပြီး ခုနစ်ရက် သားသမီးတွေကို ကယ်တင်လေ့ရှိတယ်၊ အခုတော့ ဆေးလွယ်အိတ်ဟာ အိမ်နံရံမှာ ချိတ်ထားတာ တွေ့တယ်၊ ပိုပြီး သေချာတာက ဆရာနန္ဒရဲ့ ဖော့ဦးထုပ်ဗျ၊ ဆရာနန္ဒနဲ့ ဖော့ဦးထုပ်ဟာ ခွဲလို့မရဘူး၊ သူဟာ ဘယ်ကိုသွားသွား ဆေးလွယ်အိတ်နဲ့ ဖော့ဦးထုပ်ကို ယူလေ့ရှိတယ်၊ ဒါကြောင့် ဆရာ နန္ဒရှိတယ်

ဆိုတာ ကျွန်တော် သိကြောင်း ပေါ်လွင်အောင် ဆရာ နန္ဒကတော်ကြီးကို အဓိပ္ပာယ်ပါပါ ပြောခဲ့တာပဲ...."

ဟုပြောလေ၏။

ထို့နောက်တွင်မူ ရန်ကုန်ဘက်သို့ ဖို့ဒ်ကားစုတ်ကလေးကို ဦးတည်၍ မောင်းနှင်ခဲ့လေ၏။ အင်းတကော်မြို့ကို လွန်သောအခါ ဖိုဒ်ကားစုတ်ကလေးသည် ဖွတ်ချက်ဖွတ်ချက် မြည်၍ ရပ်တန့်သွားလေ၏။ ဆားပုလင်းမင်းအောင်သည် ကားအောက်သို့ဆင်း၍ စစ်ဆေးကြည့်ရှုပြီး

"....ဘက်ထရီ ခေါင်းချောင်တာဗျို့....."

ဟုပြောလေ၏။

ထိုအခိုက်မှာပင် ကျွန်ုပ်တို့ ကားပျက်သောနေရာနှင့် မနီးမဝေးရှိ လက်ဖက်ရည် ဆိုင်ကလေးကို မြင်၍ ကျွန်ုပ်က...

"လက်ဖက်ရည်လေးဘာလေး သောက်ရအောင်ဗျာ၊ အချိန်ရှိသေးတာပဲ..."

ဟုပြောလိုက်လေ၏။

ထို့နောက်တွင်မူ ကျွန်ုပ်တို့နှစ်ဦးသည် လက်ဖက်ရည်ဆိုင်သို့ ဝင်၍ လက်ဖက်ရည်နှင့် မုန့်များကို မှာယူလေ၏။ ဆိုင်ထဲတွင် ကျွန်ုပ်တို့နှစ်ဦးက လွဲ၍ စားပွဲအားလုံး လူရှင်းနေလေ၏။

လက်ဖက်ရည်ဆိုင်၏အနီးတွင် ပုံကျစျေးတန်းကလေးတစ်ခု ဖြစ်နေပြီး ရောင်းသူဝယ်သူ များနှင့် စည်ကားနေလေ၏။ ဆားပုလင်းမင်းအောင်က လက်ဖက်ရည်ကို အရသာခံသောက်၍ ဂျွန်ပလေးယား မုတ်ဆိတ်စီးကရက်ကို ခဲကာ ညောင်ရမ်းခေတ် အမျိုးသမီးစာဆို တောင်တွင်း ရှင်ငြိမ်းမယ်၏ အိုင်ချင်းများ အကြောင်းကို စိတ်ဝင်တစား ပြောဆိုနေလေ၏။

ထိုအခိုက်မှာပင် လူရှင်းနေသော ဆိုင်ကလေး၏ စားပွဲဝိုင်းများသို့ လူများ တဖွဲဖွဲ ဝင်ရောက်လာသည်ကို တွေ့ရ၏။

လက်ဖက်ရည်ဆိုင်သို့ ဝင်ထိုင်သူများမှာ ခမောက်ကိုယ်စီ ဆောင်းထား ကြောင်း သတိပြုမိ၏။

ခမောက်ဆောင်း လူများသည် စားပွဲတစ်လုံးလျှင် တစ်ယောက်ကျ နေရာ ယူပြီး ....

"လက်ဖက်ရည် ချိုချိုကြီး တစ်ခွက်၊ မသိန်းရှင် ဆေးပေါ့လိပ် နှစ်လိပ်...."

ဟု အသီးသီး မှာယူကြကြောင်းတွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်က ဆား ပုလင်းမင်းအောင်၏ အနီးသို့ တိုးကပ်၍ လေသံတီးတိုးဖြင့်...

ကိုမင်းအောင် ဒီအရပ်ကလူတွေဟာ တစ်မျိုးပါလား၊ တစ်ပုံစံတည်း၊ တစ် လေတည်းချည်းပဲ၊ ခမောက် ဆောင်းထားတာလည်း တူတယ်၊ လက်ဖက်ရည်နဲ့ ဆေးပေါ့လိပ် မှာပုံလည်းတူတယ်၊ ဒီလူတွေ ကြည့်ရတာ ထူးဆန်းတယ်၊ ဧကန္တတော့ နွားပွဲသွားမယ့်လူတွေ ထင်တယ်....."

ဟုပြောလေရာ ဆားပုလင်းမင်းအောင်က စီးကရက်မီးခိုးများကို မှုတ်၍

"ထူးခြားတာ တစ်ခုရှိသေးတယ်ဗျ၊ အိုင်ပီသတိထားကြည့်..."

ဟု ပြောဆိုလေရာ ကျွန်ုပ်လည်း စားပွဲအသီးသီးတွင် နေရာ ယူထားသော သူများကို ကြည့်ရှုလေရာ ၎င်းတို့အားလုံးသည် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုခြင်း မရှိဘဲ တိတ်ဆိတ်ငြိမ်သက် စွာဖြင့် ထိုင်နေကြောင်း တွေ့ရလေ၏။ ကျွန်ုပ်က ကိုမင်းအောင်အနီးသို့ ကပ်၍ လေသံတီးတိုးဖြင့်....

"ကျွန်တော်သိပြီဗျို့၊ ဒီလူတွေ တစ်ယောက်နဲ့တစ်ယောက် စကားလုံးဝ မ ပြောဘူး၊ ဝစီပိတ် တရားကျင့်တဲ့သူတွေ ကျနေတာပဲ၊ အတော်ထူးဆန်းတာ ပဲဗျ...."

ဟု ပြောဆိုလေ၏။ ဆားပုလင်းမင်းအောင်က စီးကရက် ကုန်သွားသောအခါ မြေပေါ်သို့ပစ်ချ၍ ကျွန်ုပ်၏ အနီးသို့တိုးကာ

"အိုင်ပီ စိတ်အေးအေးထားပြီး နားထောင်ဗျာ၊ ကျွန်တော်တို့မှာ အန္တရာယ်ရှိနေတယ်.."

ဟု တီးတိုးပြောလေ၏။

ဆားပုလင်းမင်းအောင်၏ စကားကြောင့် ကျွန်ုပ်၏ ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားပြီး မျက်လုံးပြူး မျက်ဆန်ပြူးနှင့်....

"ဘယ်လိုအန္တရာယ်လဲဗျ၊ ကိုမင်းအောင် ပြောပါဦး...."

ဟု အလောတကြီးမေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍

"ဒီဆိုင်ထဲမှာ ထိုင်နေတဲ့သူတွေက လွန်ခဲ့တဲ့ ၅နှစ်လောက်က ဓားပြမှုနဲ့ ကျုပ်ထောင်ထဲကို ပို့ခဲ့တဲ့ ဓားပြခေါင်းဆောင် လှစိန်နဲ့အဖွဲ့ပဲ၊ လှစိန်ဟာ ထောင်မကျမီကတည်းက ကျုပ်ကို လက်စားချေမယ်လို့ ကြုံးဝါးခဲ့ဖူးတယ်ဗျ၊ ဒါကြောင့် အခွင့်သာတုန်း၊ ကျုပ်ကို လက်စားချေဖို့ ကြိုးစားမယ်နဲ့တူတယ်..."

ဟု အေးဆေးစွာပြောဆိုလေရာ ကျွန်ုပ်သည် လွန်စွာ ထိတ်လန့် တုန်လှုပ်သွားပြီး ကုတ်အင်္ကျီကို ကမန်းကတန်း စမ်းကာ ...

"ဟိုက် ဒုက္ခပါပဲဗျာ ဒီနေ့မှ ခြောက်လုံးပြူး ယူမလာမိဘူး၊ ကိုမင်းအောင်ရော သေနတ်ပါလား....

ဟု မေးမြန်းလေရာ ဆားပုလင်းမင်းအောင်က ခေါင်းခါ၍...

"ကျုပ်လည်း မပါဘူးဗျ"

ဟုပြောလေရာ ကျွန်ုပ်သည် စိတ်လှုပ်ရှားလွန်း၍ တစ်ကိုယ်လုံး ဇောချွေး

များ ပြန်လာလေ၏။

လက်နက်တစ်စုံတစ်ရာ မပါသော ကျွန်ုပ်နှင့် ဆားပုလင်းမင်းအောင်အား ဓားပြများက ပြေးပေါက် မရှိအောင် ဝိုင်းရံထားလေပြီ။ ကံဆိုးမိုးမှောင်ကျပြီး ဓားပြများ၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးရလျှင် လူ့လောကအလယ်တွင် ကျွန်ုပ်၏ ဇနီးလေး မေမှာ မျက်စိသူငယ်နှင့် ကျန်ရစ်ခဲ့ရှာမည်။ ထိုအခါ သူမကို မည်သူက ကြည့်ရှု စောင့်ရှောက်မည်နည်း။ ကျွန်ုပ်မရှိလျှင် သူမခမျာ မည်သူ့ကို နွဲ့ဆိုးဆိုးရမည်နည်း...

ကျွန်ုပ်သည် ရောက်တတ်ရာရာ စိုးရိမ်သောကများကို တွေး၍ မျက်စိမျက်နှာ ပျက်နေလေ၏။ ဆားပုလင်းမင်းအောင်က ကျွန်ုပ်၏ပခုံးကို ပုတ်၍ နှစ်လိုဖွယ်ပြုံးကာ...

"အိုင်ပီ ဇနီးချောအတွက် တွေးပြီး စိုးရိမ်နေသလား၊ ဒီလောက်လဲ မစိုးရိမ်ပါနဲ့ဗျာ၊ အိုင်ပီ အသက်အန္တရာယ် မဖြစ် အောင် ကျုပ် တာဝန်ယူတယ်ဗျာ"

ဟု အားပေးစကား ပြောလေရာ ကျွန်ုပ်သည် လွန်စွာမှပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး ကြောက်ရွံ့သော စိတ်ကိုလည်း ရှက်ရွံ့သလို ဖြစ်သွားလေ၏။ ထို့ကြောင့် စိတ်အားတင်း၍ သတ္တိ ကိုမွေးကာ...

"ကျုပ်တို့နှစ်ယောက် ဆိုင်ထဲက ထွက်သွားရင်ရော"

ဟု မေးမြန်းလေရာ ဆားပုလင်းမင်းအောင်က ခေါင်းခါ၍....

"ဒီလိုလုပ်လို့ မဖြစ်နိုင်ဘူးဗျ၊ ကျုပ်တို့ကို အကွက်ကျကျ ဝိုင်းရံထားပြီးသား၊ ဒီကောင်တွေ လက်ထဲက လွတ်မြောက်နိုင်မယ့် လမ်းကို ကျွန်တော် ကြံဆကြည့်ပါမယ်၊ စိတ်မပူပါနဲ့...."

ဟုပြောလေ၏။

***

ဤသို့ဖြင့် ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦးသည် ခားပြများ၏ ဝိုင်းရံထားခြင်းကို တစ်နာရီနီးပါး ခံနေရပြီးနောက် ဆားပုလင်းမင်းအောင်က… ဒီကောင်တွေမှာ သေနတ်တော့ ပါမယ်မထင်ဘူး၊ သူတို့ ခေါင်းဆောင်လှစိန်ကို မိအောင်ဖမ်းပြီး ခားစာခံလုပ်နိုင်ရင် လွတ်မှာသေချာတယ်၊ အိုင်ပီ သတိတော့ထားပါဗျာ"

ဟု တီးတိုးပြောလေ၏။

ခားပြခေါင်းဆောင် လှစိန်သည် ကျွန်ုပ်တို့ စားပွဲနှင့် ခပ်လှမ်းလှမ်းမှာ ရှိ၏။

ထိုအချိန်တွင် ဆားပုလင်း မင်းအောင်၏ အနီးတွင် ဆိုင်ရှင်မွေးထားဟန်ရှိသော ခွေးညိုကြီး တစ်ကောင်ရှိနေ၏။

ကိုမင်းအောင်သည် ပျင်းရိငြီးငွေ့ဟန်ဖြင့် အညောင်းဆန့်လိုက်ပြီးလျှင် ခွေးညိုကြီး၏ တင်ပါးအား ခြေဖြင့် ဆောင့်ကန်လိုက်၏။ ခွေးကြီးသည် ကျယ်လောင်စွာ အော်ဟစ်၍ ဆိုင်ပေါက်ဝသို့ ပြေးထွက်သွားလေရာ တစ်ဆိုင်လုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားလေ၏။

ထိုအခိုက်မှာပင် ဆားပုလင်းမင်းအောင်သည် ထိုင်ရာမှ လျင်မြန်စွာ ပြေးထွက်သွားပြီး ရှေ့ရှိ စားပွဲခုံတစ်လုံးပေါ်သို့ ခုန်တက်ကာ တစ်ပတ်ကျွမ်းပစ်၍ ခားပြခေါင်းဆောင်ရှေ့သို့ ကျပြီး ကြောင်အမ်းအမ်း ဖြစ်နေသော ခားပြခေါင်းဆောင်ကို ဖမ်းချုပ်လိုက်လေ၏။

ကိုမင်းအောင်က ခားပြခေါင်းဆောင်၏ လည်မျိုကို ဖမ်းချုပ်ထားပြီး တဟားဟား ရယ်မောကာ....

"လှစိန်၊ လှစိန် ခားပြအစုတ်အပြတ်လေး မင်းနုပါသေးတယ်ကွာ၊ ဆားပုလင်းမင်းအောင် ကို ဒါမျိုးလာလုပ်လို့ ဘယ်ရမလဲ၊ နောက်တစ်ကြိမ်

ထောင်ထဲရောက်သွားမယ်၊ မင်းလူတွေကို ငြိမ်ငြိမ်လေး နေခိုင်းလိုက် စမ်း...."

လှစိန်၏တပည့်များသည် ခါးကြားတွင် ဖွက်ယူလာသော ဓား လက်နက်များကို ထုတ်၍ ရှေ့တိုးရနိုး၊ နောက်ဆုတ်ရနိုး ဖြစ်နေလေ၏။ ကျွန်ုပ်သည် ဆားပုလင်းမင်းအောင်နှင့် ဓားပြများ၏ ကြားတွင် ရောက်နေလေ၏။ ကျွန်ုပ်အား ဓားပြများ ရန်မမူနိုင်ရန် လက်ဖက်ရည်ဖျော်သော နေရာရှိ မီးညှပ်ကြီးကို ကိုင်ထားရလေ၏။

ဆားပုလင်းမင်းအောင်သည် ဓားပြခေါင်းဆောင် လှစိန်၏လည်မျိုကို ဖမ်းချုပ်ထားရာမှ လှစိန်၏ ကုတ်အင်္ကျီထဲသို့ လက်နှိုက်လိုက်၏။

ထိုအခါ ခြောက်လုံးပြူး သေနတ်တစ်လက်ကို တွေ့ရသဖြင့် ချောက်ခနဲ မောင်းတင်၍ လှစိန်၏ခေါင်းကို တေ့လိုက်ပြီး...

"မင်းကောင်တွေကို နောက်ဆုတ်ခိုင်းလိုက်စမ်း၊ သေသွားမယ်၊ ဘာမှတ် သလဲ..."

ဟု ကြိမ်းမောင်းလေရာ လှစိန်လည်း မတတ်သာတော့ဘဲ သူ၏တပည့် များကို နောက်ဆုတ်ရန် အချက်ပြလိုက်လေ၏။

ထိုအခါ ကျွန်ုပ်လည်း ကိုမင်းအောင်အနီးသို့ လျှောက်လှမ်းသွားလေရာ ကိုမင်းအောင်က လှစိန်ကို ဓားစာခံပြု၍ ဖိုဒ့်ကားစုတ်ကလေးရှိရာသို့ လျှောက်ခဲ့လေ၏။

ထိုအခါ လက်ဖက်ရည်ဆိုင်၏ အပြင်ဘက်တွင် ဆားပုလင်းမင်းအောင် တရားခံဖမ်းပုံကို လာရောက် ကြည့်ရှုသူများနှင့် စည်ကားနေလေ၏။

လှစိန်၏ တပည့်တပန်းများသည် တုတ် ဓား လက်နက်များကို ကိုင်၍ ခပ် လှမ်းလှမ်းမှ အခြေအနေကို စောင့်ကြည့်နေလေ၏။

ကျွန်ုပ်က ဖိုဒ့်ကားစုတ်လေးကို စက်နှိုးပြီးသောအခါ ဆားပုလင်းမင်းအောင်က ကားနောက်ခန်းတံခါးကို ဖွင့်၍.. ဒီကောင်ကို လက်ထိတ်မရှိဘဲ ဖမ်းခေါ်လာရင် တစ်လမ်းလုံး ကျုပ်တို့ အေးအေးဆေးဆေး စကားပြောလို့ ရမှာမဟုတ်ဘူး ဒီတော့.... ဟုဆိုကာ လှစိန်၏ မေးစေ့အား လက်သီးဖြင့် ဆတ်ခနဲ ထိုးထည့်လိုက်ရာ လှစိန်သည် ကားနောက်ခန်းထဲသို့ ဝုန်းခနဲ လဲကျကာ မေ့မြောသွားလေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်၏ လက်သီးစွမ်းပြပုံကို နှစ်ထောင်းအားရ ရှိလွန်း၍ ပရိသတ်များသည် လက်ခုပ်လက်ဝါးတီး၍ အားပေးကြလေ၏။

ဆားပုလင်းမင်းအောင်က ကြည့်ရှုနေသူ အပေါင်းကို လက်ပြနှုတ်ဆက်ပြီး ကျွန်ုပ်၏နံဘေးတွင် ဝင်ထိုင်လေ၏။

ကျွန်ုပ်လည်း ဖို့ဒ်ကားစုတ်ကလေးကို မောင်းထွက်ရန် ပြင်လိုက်ရာ လက်ဖက်ရည်ဆိုင်ရှင် လူဝကြီးသည် ကားအနီးသို့ အပြေးအလွှား ရောက်လာပြီး...

"လက်သီးစွမ်းပြတာတော့ ကြည့်လို့ ကောင်းပါတယ်၊ တရားခံ ဖမ်းတာလည်း ဓာတ်ရှင်ထဲက မင်းသား ခင်မောင်ရင်အတိုင်းပါပဲ၊ ဒါပေမဲ့ ကျွန်တော့် လက်ဖက်ရည်ဖိုးလေးတော့ ရှင်းသွားခဲ့ပါဦး..."

ဟု တောင်းဆိုလေရာ ဆားပုလင်းမင်းအောင်က ရယ်မော၍ လူဝကြီးကို တောင်းပန်ကာ

"ဟုတ်ပါရဲ့ဗျာ၊ ကိုယ့်ပြဿနာနဲ့ ကိုယ်ဆိုတော့ လက်ဖက်ရည်ဖိုးရှင်းဖို့ မေ့သွားတယ်၊ ခွင့်လွှတ်ပါဗျာ၊ စိတ်မရှိပါနဲ့၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ လက်ဖက်ရည်ဖိုးသာ မကဘူး၊ ဓားပြအဖွဲ့ သောက်သွားတဲ့ လက်ဖက်ရည်ဖိုးပါ ပိုက်ဆံ ၅ ကျပ်ပေးခဲ့ပါတယ်"

ဟုဆိုကာ ငွေ ၅ ကျပ်ကို ဆိုင်ရှင် လူဝကြီးလက်သို့ ရက်ရက်ရောရော ထည့်ခဲ့လေ၏။ ကျွန်ုပ်လည်း ဖို့ဒ်ကားစုတ်ကလေးကို မီးခိုး တထောင်းထောင်း ထအောင် မောင်းနှင်ခဲ့လေ၏။

လမ်းသို့ရောက်သောအခါ ဆားပုလင်းမင်းအောင်က ဂျွန်ပလေးယား မုတ်ဆိတ်စီးကရက်ကို မီးညှိဖွာရှိုက်၍

"တောင်တွင်းရှင်ငြိမ်းမယ်ရဲ့ အိုင်ချင်းတွေအကြောင်း ဆက်ပြောရဦးမယ် ဗျ၊ ရှင်ငြိမ်းမယ်ရဲ့ အိုင်ချင်းတွေဟာ ရွတ်ရတာ အသံသာပြီး ကျေးလက်ရနံ့ လေးတွေ သင်းနေတယ်၊ မြန်မာကဗျာတွေမှာ ရတုတွေဟာ ထီးသံနန်းသံ တွေပါပြီး အိုင်ချင်းတွေကတော့ ကျေးလက်ပြည်သူတွေရဲ့ ဘဝကို ထင်ဟပ် စေတယ်.."

ဟုဆိုကာ ဓားပြခေါင်းဆောင် လှစိန်နှင့် ဖြစ်ပွားခဲ့သော အသက်လုပွဲကို မေ့လျော့ပြီး အိုင်ချင်းကဗျာများ အကြောင်းကို ဆက်လက်ပြောဆိုလေ၏။ ကျွန်ုပ်က မေ့မြောနေသော ဓားပြခေါင်း ဆောင်လှစိန်ရှိရာ နောက်ခန်း ဘက်သို့ လှမ်းကြည့်လိုက်ပြီး...

"ကိုမင်းအောင် လှစိန်သတိရလာပြီး အန္တရာယ်လုပ်နေဦးမယ်..."

ဟု စိုးရိမ်ဟန်ဖြင့် ပြောဆိုလေရာ ဆားပုလင်းမင်းအောင်က ခေါင်းခါ၍

"စိတ်မပူပါနဲ့၊ ကျွန်တော်ရဲ့ လက်သီးအစွမ်းကို ကျွန်တော် အသိဆုံးပါ၊ ဒီ ကောင် အနည်းဆုံး နှစ်နာရီလောက်တော့ သတိမေ့ပြီး လိုက်လာလိမ့် မယ်...."

ဟုပြောလေတော့၏။

ကျွန်ုပ်တို့ မောင်းနှင်လာသော ဖို့ဒ်ကားစုတ်ကလေး အင်းစိန်စီအိုင်ဒီရုံး ဝင်းသို့ ရောက်သောအခါ ကိုမင်းအောင်သည် ကားကိုရပ်၍ နောက်ခန်းဖွင့်

ကာ လှစိန်အား ကုပ်မှ ဆွဲယူလိုက်သောအခါ လှစိန်သည် သတိရလာလေ၏။ လှစိန်က မျက်စိသူငယ်နှင့် ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီကြည့်၍

"ကျွန်တော် ဘယ်ကိုရောက်နေသလဲ"

ဟု မေးမြန်းလေရာ ဆားပုလင်းမင်းအောင်က လှစိန်ကိုမခိုးမခန့်ကြည့်ကာ

"...အင်းစိန် စီအိုင်ဒီရုံးဝင်းထဲကို ရောက်နေတယ်၊ လောလောဆယ်တော့ ရုံးမှာ ခဏနေဦးပေါ့ဗျာ၊ မကြာမီ အင်းစိန်ထောင်ထဲကို ရောက်အောင် ပို့ပေးပါမယ်...."

ဟုပြောလေရာ လှစိန်သည် ခေါင်းငိုက်စိုက်ကျသွားလေ၏။

***

နောက်တစ်နေ့တွင် ကျွန်ုပ်၏ဇနီးချော "မေ" သည် စိတ်ကောက်နေရာမှ စိတ်ဆိုးသည့် အဆင့်သို့ ရောက်ရှိသွားပြီး ကျွန်ုပ်အား သူမကို ဂရုမစိုက်ရကောင်းလား ဟု ဆူပူကြိမ်းမောင်းကာ ယောက္ခမကြီး၏ နေအိမ်သို့ ဆင်းသွားလေ၏။ အိမ်က ဆင်းကာနီးတွင်

"လိုက်မခေါ်နဲ့နော်၊ လုံးဝ ပြန်မလိုက်ဘူး၊ ရှင့်ကို ဒီတစ်ခါ အပြတ်ပဲ ဟု ကြိုးဝါးသွားသဖြင့် ကျွန်ုပ်သည် စိတ်မချမ်းမြေ့ခြင်း ဖြစ်ရလေ၏။ ထို့ကြောင့် အင်းစိန်စီအိုင်ဒီရုံးသို့ပင် မသွားနိုင်ဘဲ ဧည့်ခန်းထဲတွင် ငူငူငိုင်ငိုင်ကြီး ထိုင်နေလေ၏။

ကျွန်ုပ်၏ အိမ်ကလေး၌ သူမ မရှိသည်နှင့် ခြောက်ကပ်သလို ဖြစ်သွား၏။

သူမ၏ သာယာဖွယ်ကောင်းသော အသံစာစာကလေးနှင့် ဆိုးနွဲ့ဟန်လေးများကို မြင်ယောင် နေမိ၏။

သို့သော် သူမ အိမ်က ဆင်းကာနီးတွင် "လိုက်မခေါ်နဲ့နော်" ဟု မှာကြား

သွားသဖြင့် မခေါ်ဝံ့ဘဲ ဖြစ်နေလေ၏။

နေ့လယ်ခင်းအချိန်သို့ ရောက်သောအခါ ကျွန်ုပ်သည် ဗိုက်ထဲတွင် ဆာလောင်သလိုရှိ၍ ကြောင်အိမ်ကိုဖွင့်ကာ ပေါင်မုန့် မီးကင်ပြီး ထောပတ်သုတ်လေ၏။ ကော်ဖီတစ်ခွက်ကို ဖျော်လေ၏။

ထို့နောက် ပေါင်မုန့်မီးကင်နှင့် ကော်ဖီကိုသောက်လေ၏။ ထိုအခါမှပင် သူမကို ပိုမိုသတိရလာပြီး ကော်ဖီနှင့် ပေါင်မုန့်ကို ဆက်၍ မစားနိုင်တော့ဘဲ ရပ်လိုက်ရလေ၏။ ဇနီးချော "မေ" သည် ပေါင်မုန့် ထောပတ်သုတ်နှင့် ကော်ဖီကို လွန်စွာနှစ်သက်၏။

ခဏအကြာတွင် ကျွန်ုပ်သည် ငူငူငိုင်ငိုင်ကြီး ထိုင်နေတာထက်စာလျှင် တစ်ခုခုလုပ်နေလျှင် ကောင်းမည်ဟု တွေးတောကာ ဗီရိုကိုဖွင့်၍ စက္ကူအိတ်ကြီး တစ်လုံးကို ယူလိုက်လေ၏။ ထိုစက္ကူ အိတ်ထဲတွင် မြန်မာပြည်အနှံ့သို့ ရောက်နေသော ကျွန်ုပ်၏ သူငယ် ချင်းများထံမှ ပေးစာများရှိ၏။

ကျွန်ုပ်သည် သူငယ်ချင်းများ၏ စာများကို ဖတ်ရှုရင်း အတိတ်ဘဝကို သတိရကာ ဇနီးချော "မေ" အား လွမ်းဆွတ်သောစိတ်ကို ဖျောက်ရလေ၏။ ထိုအခိုက်မှာပင် ကျွန်ုပ်၏ အိမ်ပေါက်ဝသို့ ဆားပုလင်းမင်းအောင် ရောက်ရှိလာပြီး ဧည့်ခန်းကို မျက်လုံးဝေ့ကြည့်ကာ....

"ဇနီးချော အိမ်ကဆင်းသွားလို့ မနေတတ်၊ မထိုင် တတ်ဖြစ်နေတယ် မှတ်တယ်"

ဟုပြောလေရာ ကျွန်ုပ်က ကိုမင်းအောင်ကို အံ့ဩဟန်နှင့် ကြည့်လိုက်ပြီး ...

"အိမ်ပေါ်က ဆင်းသွားတာ ကိုမင်းအောင် ဘယ်လိုလုပ် သိနေသလဲ...."

ဟု မေးမြန်းလေ၏။

ဆားပုလင်းမင်းအောင်က ရယ်မော၍....

"ဒါ မခက်ပါဘူးဗျာမနေ့ကဖြစ်တဲ့ ပြဿနာနဲ့ အိုင်ပီ အိမ်ဧည့်ခန်းကို ကြည့်လိုက်ရင် သိနိုင်ပါတယ်.."

ဟုပြောလေ၏။ ကျွန်ုပ်က ဧည့်ခန်းကို မျက်လုံးဝေ့ကြည့်၍ ...

"ဘယ်လိုသိတာလဲ ကိုမင်းအောင်...."

ဟု မေးမြန်းလေ၏။

ဆားပုလင်းမင်းအောင်က အနီးရှိ ကုလားထိုင်တွင် ထိုင်၍....

"ကျွန်တော် အိမ်ပေါ် ရောက်ရောက်ချင်း ဧည့်ခန်းကို ကြည့်လိုက်တာ ခုံတွေလည်း နေသား တကျမရှိဘူး၊ ကုလားထိုင်စွပ်တွေလည်း အောက်ကို ပြုတ်ကျနေတယ်၊ ဧည့်ခန်းတစ်ခုလုံး ဖုန်တွေ အမှိုက်တွေနဲ့ ပွနေတယ်၊ ဒါဟာ အိမ်ရှင်မ မရှိတဲ့ သဘောပဲဗျ၊ ဖိနပ်ချွတ်ကို လှမ်းကြည့်တော့လည်း အိုင်ပီ့ဇနီးချော စီးလေ့ရှိတဲ့ ပိန်းတန်းဖိနပ် အပြာရောင်မရှိဘူး၊ အညိုရောင်ပဲ ရှိတယ်၊ အညိုရောင်ဟာ ဟိုနား ဒီနားသွားရင် စီးလေ့ရှိတယ်၊ အပြာရောင်ကိုတော့ မြို့ထဲတွေ ဘာတွေ သွားရင် စီးလေ့ရှိတယ်၊ အိုင်ပီဟာ ဇနီးချောကို မေ့မေ့ပျောက်ပျောက် ဖြစ်အောင် သူငယ်ချင်း အပေါင်းအသင်းတွေရဲ့ ပေးစာတွေကို ပြန်ဖတ်နေတယ်...."

ဟုပြောလေရာ ကျွန်ုပ်က ခေါင်းညိတ်ဝန်ခံ၍ ...

"ဟုတ်ပါတယ်ဗျာ၊ ကိုမင်းအောင် တွေးကြည့်ရင် ပြေးကြည့်တာထက်တောင် မှန်တယ်ဆိုတာ တကယ်ပါပဲလား..."

ဟု ချီးမွမ်းလိုက်လေ၏။ ဆားပုလင်းမင်းအောင်က ကျွန်ုပ်၏စကားကို မတုံ့ပြန်တော့ဘဲ စားပွဲပေါ်ရှိ ဖတ်လက်စ စာတစ်စောင်ကို အကြည့်ရောက်ကာ

"ဒီစာကိုရေးတဲ့ အိုင်ပီ့သူငယ်ချင်းဟာ စိတ်သဘောထား တင်းမာပြီး အချစ်ကို နှလုံးသားနဲ့ ရွေးချယ်တတ်တဲ့သူမျိုးပဲ"

ဟု မှတ်ချက်ချလေရာ ကျွန်ုပ်သည် ဆားပုလင်းမင်းအောင်ကို မယုံကြည်သလို ကြည့်လိုက်ပြီး....

"ဟင်... ကိုမင်းအောင်က ကျွန်တော့်သူငယ်ချင်း တင်တင်မေနဲ့ သိနေလို့လား...."

ဟု မေးမြန်းလေ၏။

ဆားပုလင်းမင်းအောင်က ခေါင်းခါ၍

"အိုင်ပီရဲ့ ဖတ်လက်စ စာကိုကြည့်ပြီး၊ လက်ရေးကို လေ့လာတဲ့ပညာနဲ့ အကဲခတ်ပြီး ပြောလိုက်တာပါဗျ...."

ဟု ပြောလေရာ ကျွန်ုပ်က ခေါင်းတဆတ်ဆတ်ညိတ်၍....

"ကိုမင်းအောင် ပြောလိုက်တာ အလွန်မှန်ပါတယ်၊ တင်တင်မေဆိုတာ တိုင်းမင်းကြီး သမီးလေဗျာ၊ ယူနီဗာစီတီတက်တုန်းက ခင်ခဲ့တာ၊ ရုပ်ချော သလောက် စိတ်သဘောထား အလွန် ထန်တယ်၊ ယောက်ျားလေးတွေနဲ့ တောင် ကျောင်းမှာ ရန်ဖြစ်ဝံ့တဲ့ မိန်းမဗျ၊ နောက်ပြီး အလုပ်ကိုင် မည်မည်ရရမရှိတဲ့ စန္ဒရားဆရာ မောင်တင်မောင် ဆိုသူနဲ့ ချစ်လှပါချည်ရဲ့ ဆိုပြီး မိဘသဘောမတူတဲ့ ကြားက ခိုးရာ လိုက်ပြေးသွားတယ်...."

ဟု ဝန်ခံလိုက်လေ၏။ ဆားပုလင်းမင်းအောင်က တင်တင်မေ ရေးလိုက်သောစာကို ကြည့်၍...

"အိုင်ပီ စိတ်ပြေလက်ပျောက် ဖြစ်အောင် လက်ရေးကို လေ့လာတဲ့ပညာနဲ့ ဆက်ပြောပြမယ်ဗျာ၊ အိုင်ပီ့သူငယ်ချင်းဟာ အတော်ဆိုးတဲ့မိန်းမပဲ၊ အတ္တကြီးပြီး ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ လွတ်လွတ်လပ်လပ် နေတယ်၊ ဘယ်

သူ ဘာပြောပြော ဂရုမစိုက်ဘူး၊ ငါလုပ်ချင်တာ လုပ်မယ်ဆိုတဲ့ မိန်းမမျိုးပဲ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ကာမရာဂစိတ်လည်း အလွန်ပြင်းထန်တယ် ဗျ...."

ဟု မှတ်ချက်ချလေရာ ကျွန်ုပ်က ခေါင်းတဆတ်ဆတ် ညိတ်၍...

"ယူနီဗာစီတီမှာတုန်းက သူ့လောက် ဆိုရှယ်ကျတဲ့မိန်းမ မရှိသလောက်ဘဲ၊ ပတ်ဝန်းကျင်က ဘာပြောပြော ဂရုမစိုက်ဘူး၊ ကာမစိတ်ပြင်းထန်တယ်ဆိုတာ ဖြစ်နိုင်ကောင်းတယ်ဗျ၊ သူဟာ ယောက်ျား တော်တော်များများနဲ့ တွဲလေ့ရှိတယ်...."

ဟု ဝန်ခံလိုက်လေ၏။

ဆားပုလင်းမင်းအောင်က ဆက်လက်၍...

"အိုင်ပီသူငယ်ချင်းဟာ ရုပ်ရည်ချောမောသလောက် မာန်မာနထောင်လွှားမယ်၊ သူတစ်ပါးကို နိုင်လိုမင်းထက် အမြဲလုပ်ချင်တယ်၊ ဩဇာပေးရမှ ကျေနပ်မယ့်မိန်းမမျိုးဗျ၊ ဒါပေမဲ့ သူဟာ အခုအချိန်မှာတော့ အင်မတန် စိတ်ဆင်းရဲနေတယ်၊ ပူပင်သောက ရောက်နေပုံရတယ်၊ သူ့စိတ်ကို ချုပ်တီးရနိုးနိုး၊ ပွင့်အန်ထုတ်ရနိုးနိုး ဖြစ်နေတယ်၊ စီးပွားရေး မကောင်းဘူးနဲ့တူတယ်၊ သူ့ရဲ့ အိမ်ထောင်ဖက် စန္ဒရားဆရာဆိုတဲ့လူဟာ မိန်းမပွေ မယ်ထင်တယ်ဗျ..."

ဟု ပြောလေရာ ကျွန်ုပ်က ပေါင်ကိုပုတ်၍ ....

"မှန်လိုက်လေဗျာ၊ မေမေတင်ဟာ အခုအချိန်မှာ အတော်စိတ်ဆင်းရဲနေတယ်၊ စန္ဒရားဆရာဟာ လူ့ပေါ်ကြော့ဗျ၊ အလုပ်ကိုလည်း မည်မည်ရရ မလုပ်ဘူး၊ အရက်ကလေး တမြမြနဲ့၊ တင်တင်မေ ပါသမျှကို ထိုင်ဖြုန်းနေတယ်၊ နောက်ပြီး စန္ဒရားသင်ပေးတဲ့ ကောင်မလေး တစ်ယောက်နဲ့လည်း

ခပ်ရှုပ်ရှုပ် ဖြစ်နေတယ်ဗျ၊ ဒါကြောင့် တင်တင်မေဟာ ကျွန်တော့်ကို ရင်ဖွင့်တဲ့အနေနဲ့ ရေးလိုက်တဲ့စာပဲ၊ သူဟာ အိမ်ထောင်ကျနေလို့ စိတ်ကို အတော်ချုပ်တီးထားပုံရတယ်၊ အရင်တုန်းကစိတ်နဲ့ဆိုရင် ဘယ်လွယ်မလဲ မိုးမီးလောင်မှာ သေချာတယ်၊ ဒါနဲ့ နေပါဦးဗျာ၊ လက်ရေးကို အကဲခတ်တဲ့ ပညာက အတော်ကောင်းပါလား၊ လူတစ်ယောက်ရဲ့စိတ်ကို ကွင်းခနဲ ကွက်ခနဲ မြင်အောင် ပြောနိုင်တယ်နော်၊ ဒီပညာကို ကျွန်တော့်ကို သင်ပေးပါလား"

ဟု တောင်းပန်လိုက်လေ၏။

ဆားပုလင်းမင်းအောင်က စီးကရက်ကို ပြာခွက်ထဲသို့ ထိုးခြေလိုက်ရင်း....

"လက်ရေးကို လေ့လာတဲ့ပညာဟာ အလွန်ကျယ်ဝန်းပြီး နက်ရှိုင်းတယ်ဗျ၊ စိတ်ပညာဆန်တဲ့ သဘောတွေ အများကြီးပါတယ်၊ လွယ်လွယ်ကူကူ သင်ပေးလို့တတ်တဲ့ ပညာမဟုတ်ဘူး၊ ဒါပေမဲ့ အိုင်ပီ စိတ်ဝင်စားတယ် ဆိုရင်တော့ နည်းနည်း သင်ပေးပါမယ်၊ လက်ရေးကို လေ့လာတဲ့ပညာဟာ ရှေးနှစ်ပေါင်း များစွာကတည်းက တရုတ်ပြည်မှာ ထွန်းကားလာခဲ့တယ်၊ ၁၆၆၂ ခုနှစ်မှာ အီတာလျံဆေးပညာ ပါမောက္ခ ကာဗီလိုဘေဒိုက လက်ရေးပညာ ကျမ်းတစ်စောင် ရေးဖွဲ့ခဲ့တယ်၊ ၁၉ ရာစု ၂၀ ရာစုအတွင်းမှာ ပြင်သစ်နဲ့ ဂျာမန် စိတ်ပညာရှင်တွေက သုတေသနလုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် လေ့လာခဲ့တယ်၊ ကျမ်း အစောင်စောင်လည်း ပေါ်ပေါက်ခဲ့တယ်၊ အမေရိကန်၊ ပြင်သစ်နဲ့ ဂျာမဏီနိုင်ငံတွေက တက္ကသိုလ်တွေရဲ့ စိတ်ပညာ၊ ရာဇဝတ်မှုပညာတွေမှာ လက်ရေးပညာ သင်ရိုးကို ပြဋ္ဌာန်းထားတယ်..."

ဟု ရှင်းလင်းပြလေရာ ကျွန်ုပ်က စိတ်ဝင်စားစွာဖြင့်

"လက်ရေးပညာဟာ အတော်အရေးပါပုံရတယ်နော်..."

ဟု မှတ်ချက်ချလေ၏။

ဆားပုလင်းမင်းအောင်က ဂျွန်ပလေးယားစီးကရက်ကို မီးညှိဖွာရှိုက်လိုက်ရင်း....

"အရေးပါတာပေါ့ဗျာ၊ လူတစ်ဦးရဲ့လက်ရေးဟာ သူတို့ရဲ့ အရည်အသွေးကို ဖော်ထုတ်ပြသ နေတယ်၊ လက်ရေးဟာ ဦးနှောက်ရဲ့ ထုတ်ကုန်တစ်ခုပဲ၊ ဦးနှောက်ရဲ့ ခိုင်းစေမှုကြောင့် ဖောင်တိန်ကိုင်ပုံ၊ လက်အနေအထား၊ စာရေးပုံရေးနည်းတွေ ပြောင်းလဲလာရတယ်၊ လက်ရေးပညာဟာ အလွန်ကျယ်ပြန့် နက်ရှိုင်းလွန်းလို့ ကျမ်းအစောင်စောင်ကို လေ့လာမှ သိနားလည်နိုင်မယ်၊ ဒါပေမဲ့ အိုင်ပီ သိပ်ပြီးစိတ်အား ထက်သန်နေမယ် ဆိုရင်တော့ အလွယ်ကူဆုံးနဲ့ ယေဘုယျအကျဆုံး အချက်လေးတွေ ကျွန်တော်ပြော ပြမယ်...."

ဟုပြောလေရာ ကျွန်ုပ်က အားတက်သရောဖြင့်...

"ပြောပါ ကိုမင်းအောင်၊ ကျွန်တော် စာအုပ်နဲ့ လိုက်မှတ် ထားပါမယ်..."

ဟုဆိုကာ မှတ်စုစာအုပ်နှင့် ခဲတံကို အသင့်ပြင်ဆင်ထားလေ၏။ ဆားပုလင်းမင်းအောင်က စီးကရက်မီးခိုးငွေ့များကို မှုတ်ထုတ်၍

"လက်ရေးပညာမှာ အလွန်အဓိကကျတာက အသုံးပြုသူရဲ့ မင်အရောင်ဗျ၊ လူတွေဟာ ဘဝတစ်သက်တာမှာ ကိုယ်နှစ်သက်တဲ့ မင်အရောင်အမျိုးမျိုးကို အသုံးပြုလေ့ရှိတယ်၊ အသုံးအများဆုံး ကတော့ အပြာရောင်ပေါ့ဗျာ၊ အပြာရောင်ကို အသုံးပြုသူက ပျော်ရွှင်တတ်တဲ့ သဘောရှိပြီး လူအများနဲ့ ပေါင်းသင်းဆက်ဆံလို့ အဆင်ပြေတယ်၊ အနက်ရောင်မင်ကို အသုံးပြုသူတွေကတော့ အပြာရောင်ထက် ပိုပြီး တင်းမာတယ်၊ ပြင်းထန်တဲ့အယူအဆအစွဲအလမ်းရှိတယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊ ယုံကြည်ချက်တစ်ခုကို ဆွဲကိုင်ထားလေ့ရှိတယ်၊ အနီရောင်ကတော့ အပြင်းထန်ဆုံးပဲ၊ အတ္တ

အင်မတန်ကြီးပြီး အချစ်ကို နှလုံးသားနဲ့ ဆုံးဖြတ်တတ်တယ်၊ ကာမရာဂ စိတ်လည်း ပြင်းထန်တယ်၊ အစိမ်းရောင်ကို အသုံးပြုတဲ့သူကတော့ အသက်ကြီးသူဆိုရင် အပြာရောင်နဲ့ သိပ်မကွာခြားပေမဲ့ ငယ်ရွယ်သူတွေ အသုံးပြုရင် အမိန့်အာဏာတွေကို ဆန့်ကျင်တဲ့ သဘောရှိတယ်

ဟုပြောဆိုလေရာ ကျွန်ုပ်က လိုက်လံ ရေးမှတ်လေတော့၏။

ကျွန်ုပ်ရေးမှတ်နိုင်ရန် နှစ်ကြိမ်တိုင်တိုင် ပြောပြပြီးနောက်

"စာတစ်စောင်ရေးပြီးလို့ လက်မှတ်ထိုးတဲ့အခါ လက်မှတ်ရဲ့ တည်နေရာ ဟာလည်း အရေးကြီးတယ်ဗျ၊ စာရဲ့အဆုံးနဲ့ လက်မှတ်က နီးကပ်နေလို့ရှိ ရင် ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေ နေတတ်ပြီး ပျော်ရွှင်တဲ့ သဘောရှိ တယ်၊ စာရဲ့အဆုံးနဲ့ လက်မှတ် ခပ်ဝေးဝေး ဖြစ်နေရင် လွတ်လွတ်လပ်လပ် နေထိုင်တတ်ပြီး ပတ်ဝန်းကျင်ကို သိပ်ဂရုမစိုက်တဲ့သဘော တွေ့ရတတ် တယ်...."

ဟုပြောဆိုလေရာ ကျွန်ုပ်က မှတ်စုစာအုပ်တွင် ရေးမှတ်ပြန်၏။ ကိုမင်း အောင်က ကျွန်ုပ်ရေးမှတ်သည်ကို စောင့်နေပြီး

"နောက် လက်မှတ်ထိုးတဲ့အခါ လက်မှတ်က အထက်ကို ထောင်တက်နေ ရင် ရည်မှန်းချက်၊ ရည်ရွယ်ချက် ကြီးတယ်၊ အလိုလောဘကြီးတယ်၊ လက်မှတ်က တည့်မတ်နေရင် ရည်မှန်းချက် အသင့်အတင့်ရှိတယ်၊ အလို လောဘလည်း သင့်တင့်မျှတတယ်၊ လက်မှတ် အောက်ကို စိုက်နေရင်တော့ ဒီလူဟာ ရည်မှန်းချက်မရှိတဲ့ လူညံ့တစ်ယောက်ဗျ၊ ဘဝမှာ အခက်အခဲနဲ့ တွေ့ကြုံခဲ့ရင် လွယ်လွယ်နဲ့ အရှုံးပေးမဲ့ လူမျိုးပဲ...."

ထို့နောက်တွင်မူ ဆားပုလင်းမင်းအောင်က ဆက်လက်၍ ....

"လက်မှတ်က ကြည်လင်ပြတ်သားပြီး နားလည်လွယ်တဲ့ သဘောရှိရင် ဒီ

လူဟာ ရိုးသားပြီး ယုံကြည်စိတ်ချမှုရှိတယ်၊ လက်မှတ်သေးပြီး ကျဉ်းမြောင်းနေရင် စိတ်သဘောထား နိမ့်ကျညံ့ ဖျင်းတဲ့လူမျိုးပဲ၊ လက်မှတ်အလွန် ကြီးမားကျယ်ဝန်းရင် အတ္တဆန်ပြီး၊ အတင်းအဓမ္မ ပြုကျင့်တတ်တယ်၊ ငါမှငါဆိုတဲ့ စိတ်ထားမျိုးလဲ ရှိတယ်ဗျ"

ဟု ရှင်းလင်းပြပြန်လေ၏။

***